# မူလတန်းသပြိုဟ်

(ဦးကံသာ)

ပထမဆင့်

# ရှုလတာန်းသင်္ဂြိုဟ်

# Sangyo Primer
# Book, I.

ဓမ္မာစရိယ—ပါဠိဆရာကြီး
ဦးအောင်တင်နှင့်—ဦးစံရှင်းတို့သုတ်သင်သည်

---

ရေးသားထုတ်ဝေသူ


**သီရိပဝရ ဦးကံသာ**

လက်ထောက်အယ်ဒီတာ
ဆဋ္ဌသင်္ဂါယနာ ပါဠိပဋိဝိသောဓကဌာနအဖွဲ့



မြန်မာ့အလင်း စာပုံနှိပ်တိုက်
၅၈—ချာချီလမ်း ရန်ကုန်မြို့
၁၃၁၆—ခု [illegible]



စာကြည့်တိုက်
[illegible]

၂၉၄.၃၁၃
ကသ.
၃၂၈၅
၈၉.၃
ကဂ်-၁၅.

# အမှား ပြင်ဆင်ချက်

၂၄။ ၆—၌ ဒု—ရျာန် အစား တ—ရျာန်

၂၀။ ၂—၌ ဝိစိကိစ္ဆာ သဟဂုတ်စိတ် ၂—ပါး၊ အစား
ဝိစိကိစ္ဆာ သဟဂုတ်စိတ် ၁—ပါး

၆၃။ ၄—၌ အာကာသာနဉ္စာယတနကုသိုလ်အစား
အာကိဉ္စညာယတန ကုသိုလ်

၆၄။ ၁၇—၌ ဝိညာဉ်နဉ္စာယတန အစား
အာကိဉ္စညာယတန—ဟုပြင်မှတ်ပါ။

၃၂၇၅

ပထမဆင့်

# မူလတန်း သင်္ဂြိုဟ်

# စိတ်ပိုင်း

---

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

တတ္ထ ဝုတ္တာ ဘိဓမ္မတ္ထာ, စတုဓာ ပရမတ္ထတော၊
စိတ္တံ စေတသိကံ ရူပံ, နိဗ္ဗာန မိတိ သဗ္ဗထာ၊

## ပရမတ္ထတရား ၄-ပါး

၁။ စိတ် =အာရုံကို သိခြင်း သဘော၊

၂။ စေတသိက် =စိတ်၌ မှီတွယ်သော သဘော၊

၃။ ရုပ် =ဖောက်ပြန် ပျက်စီးခြင်း သဘော၊

၄။ နိဗ္ဗာန် =တဏှာ ချုပ်ငြိမ်းရာ သဘော၊

မဖောက် မပြား၊ အမြတ်အားဖြင့်၊ ဓာတ်သား ဆတ်ဆတ်၊
ဥက္ကာမြတ် အာရုံ၊ လေးပါးစုံ၊ ခေါ်ပုံ ပရမတ်။

## စိတ်ခေါင်းစဉ် ၄—မျိုး

၁။ ကာမာဝစရစိတ် ........ ၅၄

၂။ ရူပါဝစရစိတ် ........ ၁၅

၃။ အရူပါဝစရစိတ် ........ ၁၂

၄။ လောကုတ္တရာစိတ် ........ ၈=၈၉။

မှတ်သားရန်။ ။ကာမဘုံ၌ အဖြစ်များသောကြောင့်၎င်း, ကာမ အမျိုး အနွယ်၌ သက်ဝင်သောကြောင့်၎င်း ကာမာဝစရစိတ် မည်၏၊

ရူပါဝစရစိတ်, အရူပါဝစရ စိတ်များကိုလည်း ဤနည်းအတိုင်း မှတ်အပ်၏၊ လောက ၃-ပါးမှ ထွက်မြောက်ရာ လောကုတ္တရာ အဝတ္ထုဘုံ၌, အကျုံး ဝင်တတ်သောကြောင့် လောကုတ္တရာစိတ် မည်၏။

## ကာမာဝစရစိတ် ၅၄-ပါး

### အကုသိုလ်စိတ် ၁၂-ပါး

သောမနဿသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက
〃 〃 သသင်္ခါရိက
သောမနဿသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိက
〃 〃 သသင်္ခါရိက
ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက
〃 〃 သသင်္ခါရိက
ဥပေက္ခာသဟဂုတ် ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိက
〃 〃 သသင်္ခါရိက

### လောဘမူစိတ် ၈-ပါး

ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် အသင်္ခါရိက
ဒေါမနဿသဟဂုတ် ပဋိဃသမ္ပယုတ် သသင်္ခါရိက

### ဒေါသမူစိတ် ၂-ပါး

ဥပေက္ခာ သဟဂုတ် ဝိစိကိစ္ဆာ သမ္ပယုတ်
ဥပေက္ခာ သဟဂုတ် ဥဒ္ဓစ္စ သမ္ပယုတ်

### မောဟမူစိတ် ၂-ပါး

(မောဟမူ စိတ်ကို အသင်္ခါရိကဟု၍ သုံး၍ ရေတွက်ရ၏။)

အဋ္ဌလောဘမူလာနိ =လောဘမူစိတ် ၈၊
ဒေါသမူလာနိ စ ဒွေ=ဒေါသမူစိတ် ၂၊
မောဟမူလာနိ စ ဒွေတိ=မောဟမူစိတ် ၂၊
ဒွါဒသာ ကုသလာ သိယုံ=အကုသိုလ်စိတ် ၁၂။

## စိတ်ပိုင်း

# အကုသိုလ်စိတ် ၁၂—ပါးသရုပ်ခွဲ

ဝေဒနာဘေဒ—သော—၄၊ ဥ—၆၊ ဒေါ—၂=၁၂
သမ္ပယောဂ —သံ —၈၊ ဝိ—၄၊ ..........=၁၂
သင်္ခါရဘေဒ —သ —၅၊ အ—၇၊ ..........=၁၂

အကုသိုလ်စိတ် ၁၂-ပါးပြီး၏

---

# အဟိတ်စိတ် ၁၈—ပါး

ဥပေက္ခာ သဟဂုတ် စက္ခု ဝိညာဏ်စိတ်
ဥပေက္ခာ သဟဂုတ် သောတ ဝိညာဏ်စိတ်
ဥပေက္ခာ သဟဂုတ် ဃာန ဝိညာဏ်စိတ်
ဥပေက္ခာ သဟဂုတ် ဇိဝှါ ဝိညာဏ်စိတ်
ဒုက္ခ သဟဂုတ် ကာယ ဝိညာဏ်စိတ်
ဥပေက္ခာ သဟဂုတ် သမ္ပဋိစ္ဆန်းစိတ်
ဥပေက္ခာ သဟဂုတ် သန္တီရဏစိတ်

အကုသလဝိပါက်စိတ် ၇-ပါး

ဥပေက္ခာ သဟဂုတ် စက္ခု ဝိညာဏ်စိတ်
ဥပေက္ခာ သဟဂုတ် သောတ ဝိညာဏ်စိတ်
ဥပေက္ခာ သဟဂုတ် ဃာန ဝိညာဏ်စိတ်
ဥပေက္ခာ သဟဂုတ် ဇိဝှါ ဝိညာဏ်စိတ်
သုခ သဟဂုတ် ကာယ ဝိညာဏ်စိတ်
ဥပေက္ခာ သဟဂုတ် သမ္ပဋိစ္ဆန်းစိတ်
သောမနဿ သဟဂုတ် သန္တီရဏစိတ်
ဥပေက္ခာ သဟဂုတ် သန္တီရဏစိတ်

အဟိတ် ကုသလ ဝိပါက်စိတ် ၈-ပါး

ဥပေက္ခာ သဟဂုတ် ပဉ္စဒွါရာဝဇ္ဇန်းစိတ်
ဥပေက္ခာ သဟဂုတ် မနောဒွါရာဝဇ္ဇန်းစိတ်
သောမနဿ သဟဂုတ် ဟသိတုပ္ပါဒ်စိတ်

အဟိတ်ကြိယာစိတ် ၃-ပါး

သတ္တာ ကုသလ ပါကာနိ = အကုသလ ဝိပါက်စိတ် ၇၊
ပုည ပါကာနိ အဋ္ဌဓာ = အဟိတ်ကုသလ ဝိပါက်စိတ် ၈၊
ကြိယ စိတ္တာနိ တိဏိတိ = အဟိတ် ကြိယာစိတ် ၃၊
အဋ္ဌာရသ အဟေတုကာ = အဟိတ်စိတ်ပေါင်း ၁၈။

မှတ်သားရန်။ ။အခြေခံ ဟိတ်တရား ၆-ပါးနှင့် မယှဉ်သော ကြောင့် အဟိတ်ဟူ၍ရင်း, ဝိပ္ပယုတ် ဟူ၍ရင်း ခေါ်အပ်၏၊ အနုံ, အထက် ထူးခြားမှု မရှိသောကြောင့် အသင်္ခါရိကဟူ၍ရင်း, သသင်္ခါရိက ဟူ၍ရင်း မခေါ်ရ၊ သို့သော် သရုပ်ခွဲရာ၌ အဟိတ်စိတ် ၁၈-ပါးလုံးကို အသင်္ခါရိက၌ သွင်း၍ ရေတွက်ရ၏။

အဟိတ်စိတ် ၁၈-ပါး ပြီး၏

---

## သောဘဏ နှင့် အသောဘဏ

ပါပါ ဟေတုက မုတ္တာနိ, သောဘဏာနီတိ ဝုစ္စရေ၊
ဧကူန သဋ္ဌိ စိတ္တာနိ, အထေက နဝုတိ ပိ ဝါ။

အကုသိုလ်စိတ် အဟိတ် စိတ်တို့မှ လွတ်ကုန် (ကြွင်းကျန်ကုန်) သောကာဒုယုတ် ၅၉ ပါ-၉၁ ပါးသော စိတ်တို့ကို သောဘဏစိတ်ဟူ၍ ညွှန်းခေါ်အပ်ကုန်၏၊ (အကုသိုလ်စိတ် နှင့် အဟိတ်စိတ် ၃၀-ကို သောဘဏ စိတ်ဟု အမြန် အလှန် ခေါ်အပ်၏။)

မှတ်သားရန်။ ။တင့်တယ် ကောင်းမြတ်သော သောဘဏ စေတသိက်နှင့် ယှဉ်သောကြောင့် သောဘဏစိတ်မည်၏၊ ဟို သောဘဏ

စေတသိက်စုနှင့် မယှဉ်သောကြောင့် အသောဘဏစိတ်မည်၏၊ ရှေ့က လူလှတယ် ဆိုရုံနှင့် နောက်ကလူ မလှဘူးဆိုတာ မပြောဘဲ သိရသကဲ့သို့ သောဘဏစိတ် အမည်ကို တိုက်ရိုက် မှည့်ပြီး, အသောဘဏစိတ် အမည်ကို အပြန် အလှန်အားဖြင့် သိစေတော်မူ၏၊ ဝါ-မှည့်ခဲ့ပေသည်။

အသောဘဏစိတ် ၃၀—ပြီး၏

---

## သောဘဏစိတ် ၆၀, ဝါ—၉၁ ပါး

### ကာမသောဘဏစိတ် ၂၄

သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက
။ ။ သသင်္ခါရိက
သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက
။ ။ သသင်္ခါရိက
ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက
။ ။ သသင်္ခါရိက
ဥပေက္ခာ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက
။ ။ သသင်္ခါရိက

### မဟာကုသိုလ်စိတ် ၈—ပါး

သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက
။ ။ သသင်္ခါရိက
သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက
။ ။ သသင်္ခါရိက
ဥပေက္ခာ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက
။ ။ သသင်္ခါရိက

ဥပေက္ခာ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက
။ ။ သသင်္ခါရိက

မဟာဝိပါက်စိတ် ၈—ပါး

သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက
။ ။ သသင်္ခါရိက
သောမနဿသဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက
။ ။ သသင်္ခါရိက
ဥပေက္ခာ သဟဂုတ် ဉာဏသမ္ပယုတ် အသင်္ခါရိက
။ ။ သသင်္ခါရိက
ဥပေက္ခာ သဟဂုတ် ဉာဏဝိပ္ပယုတ် အသင်္ခါရိက
။ ။ သသင်္ခါရိက

မဟာကြိယာစိတ် ၈—ပါ·

ဤသို့ ကာမာဝစရ ကုသိုလ်စိတ် ၈၊
သဟိတ် ကာမာဝစရ ဝိပါက်စိတ် ၈၊
သဟိတ် ကာမာဝစရ ကြိယာစိတ် ၈၊
ပေါင်း ကာမသောဘဏစိတ် ၂၄

ဝေဒနာ ဉာဏ သင်္ခါရ, ဘေဒေန စတုဝီသတိ;
သဟေတု ကာမာဝစရ,ပုည ပါက ကြိယာ မတာ။

ဝေဒနာဘေဒ— ကု-၌ သော-၄၊ ဥ —၄
ဝိ -၌ သော-၄၊ ဥ —၄
ကြိ-၌ သော-၄၊ ဥ —၄=၂၄။
ဉာဏဘေဒ— ကု-၌ သမ္ပ -၄၊ ဝိပ္ပ—၄
ဝိ -၌ သမ္ပ -၄၊ ဝိပ္ပ—၄
ကြိ-၌ သမ္ပ -၄၊ ဝိပ္ပ—၄=၂၄။

သင်္ခါရဘော— ကု-၌ သသင်-၄၊ အသင်-၄
ဝိ-၌ သသင်-၄၊ အသင်-၄
ကြိ-၌ သသင်-၄၊ အသင်-၄=၂၄။

## တနည်း........ကု–ဝိ–ကြိ မခွဲ သေးလျှင်

ဝေဒနာဘော....... သော – ၄၊ ဥ -၄=၈
ဥာဏဘော .... သမ္ပ – ၄၊ ဝိပ္ပ-၄=၈
သင်္ခါရဘော .... သသင်– ၄၊ အသင်-၄=၈

မှတ်သားရန်။ ။ထို ဝေဒနာဘော ၈–ပါး ဥာဏဘော ၈–ပါး သင်္ခါရဘော ၈–ပါးတို့ကို ကု–ဝိ–ကြိအားဖြင့် ခွဲဝေခဲ့သော် ဝေဒနာဘော ၂၄, ဥာဏဘော ၂၄, သင်္ခါရဘော ၂၄, စီ ဖြစ်လာ၏၊ သို့ရာတွင် စိတ်လုံးရေမှာ ၂၄–ပါးသာ ရှိလေသည်။

ကာမေ တေဝီသ ပါကာနိ, ပုညာ ပုညာနိ ဝီသတိ၊
ကောဒသ ကြိယာ စေတိ, စတု ပညာသ သဗ္ဗထာ

ဇာတိဘော.....အကုသိုလ်စိတ်...... ၁၂
ကုသိုလ်စိတ် ...... ၈
ဝိပါက်စိတ် ...... ၂၃
ကြိယာစိတ် .... ၁၁=၅၄။

အကု ဒွါဒီ၊ ကု ရှစ်လီ၊ တေဝီ ဝိပါက်ရေး၊
ဆဲ့တစ် ကြိယာ၊ ပေါင်းတုံပါ၊ ကာမာ ငါးဆဲ့လေး၊
(ပုည=၈၊ အပုည=၁၂ ကို ပုညာပုညာနိ ဝီသတိ အရ ယူ)

ဝေဒနာဘော....ဥပေက္ခာ .... ၃၂
သောမနဿ .... ၁၈
ဒေါမနဿ .... ၂
ဒုက္ခဝေဒနာ ...... ၁
သုခဝေဒနာ ...... ၁=၅၄။

ဥ သုံးဆဲ့နှစ်၊ သော ဆဲ့ရှစ်၊ ဒေါနှစ် ဒု–သု ဧ။

သမ္ပယောဂဘေဒ......သမ္ပယုတ် .... ၂၀
ဝိပ္ပယုတ် .... ၃၄=၅၄။
သင်္ခါရဘေဒ ....အသင်္ခါရိက.... ၃၇
သသင်္ခါရိက.... ၁၇=၅၄။

အနာ ကင်းလစ်၊ အပြစ် ကင်းကွာ၊ အလိမ္မာ နှင့်၊
ချမ်းသာ ကောင်းကျိုး၊ လေးမျိုး အချက်၊ ကုသိုလ်နက်။

ကာမာဝစရစိတ် ၅၄—ပါး ပြီး၏

## ရူပါဝစရစိတ် ၁၅—ပါး

ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ
၅—ပါးနှင့် တကွဖြစ်သော ပထမဈာန် ကုသိုလ်စိတ်၊
ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာန် အင်္ဂါ
၄—ပါးနှင့် တကွဖြစ်သော ဒုတိယဈာန် ကုသိုလ်စိတ်၊
ပီတိ သုခ ဧကဂ္ဂတာ ဈာန် အင်္ဂါ
၃—ပါးနှင့် တကွဖြစ်သော တတိယဈာန် ကုသိုလ်စိတ်၊
သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ
၂—ပါးနှင့် တကွဖြစ်သောစတုတ္ထဈာန် ကုသိုလ်စိတ်၊
ဥပေက္ခာ ဧကဂ္ဂတာ ဈာန်အင်္ဂါ
၂—ပါးနှင့် တကွဖြစ်သော ပဉ္စမဈာန် ကုသိုလ်စိတ်၊

### ရူပါဝစရ ကုသိုလ်စိတ် ၅—ပါး

ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ
၅—ပါးနှင့် တကွ ဖြစ်သော ပ—ဈာန် ဝိပါက်စိတ်၊
ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာန် အင်္ဂါ
၄—ပါးနှင့် တကွ ဖြစ်သော ဒု—ဈာန် ဝိပါက်စိတ်

ပီတိ သုခ ဧကဂ္ဂတာ ဈာန် အင်္ဂါ
၃–ပါးနှင့် တကွ ဖြစ်သော တ–ဈာန် ဝိပါက်စိတ်၊
သုခ ဧကဂ္ဂတာ ဈာန် အင်္ဂါ
၂–ပါးနှင့် တကွ ဖြစ်သော စ–ဈာန် ဝိပါက်စိတ်၊
ဥပေက္ခာ ဧကဂ္ဂတာ ဈာန် အင်္ဂါ
၂–ပါးနှင့် တကွ ဖြစ်သော မ–ဈာန် ဝိပါက်စိတ်၊

ရူပါဝစရ ဝိပါက်စိတ် ၅–ပါး

ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာန်အင်္ဂါ
၅–ပါးနှင့် တကွ ဖြစ်သော ပ–ဈာန် ကြိယာစိတ်၊
ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ ဈာန် အင်္ဂါ
၄–ပါးနှင့် တကွ ဖြစ်သော ဒု–ဈာန် ကြိယာစိတ်၊
ပီတိ သုခ ဧကဂ္ဂတာ ဈာန် အင်္ဂါ
၃–ပါးနှင့် တကွ ဖြစ်သော တ–ဈာန် ကြိယာစိတ်၊
သုခ ဧကဂ္ဂတာ ဈာန် အင်္ဂါ
၂–ပါးနှင့် တကွ ဖြစ်သော စ-ဈာန် ကြိယာစိတ်၊
ဥပေက္ခာ ဧကဂ္ဂတာ ဈာန်အင်္ဂါ
၂–ပါးနှင့် တကွ ဖြစ်သော မ–ဈာန် ကြိယာစိတ်၊

ရူပါဝစရ ကြိယာစိတ် ၅–ပါး

| | | | |
|---|---|---|---|
| ဈာန်အပြားဖြင့် | ရူပါဝစရ | ကုသိုလ်စိတ် | ၅၊ |
| ထို့အတူ | ရူပါဝစရ | ဝိပါက်စိတ် | ၅၊ |
| ထို့အတူ | ရူပါဝစရ | ကြိယာစိတ် | ၅၊ |
| ပေါင်း | ရူပါဝစရစိတ် | | ၁၅၊ |

ပဉ္စဓာ ဈာန ဘေဒေန, ရူပါဝစရ မာနသံ၊
ပုညပါက ကြိယာ ဘေဒါ, တံ ပဉ္စဒသဓာ ဘဝေ။

| | | | |
|---|---|---|---|
| ရူပါဝစရ စိတ်သည် | ပ–ဈာန် | ....... | ၁ |
| | ဒု–ဈာန် | ....... | ၁ |
| | တ–ဈာန် | ....... | ၁ |
| | စ–ဈာန် | ....... | ၁ |
| | မ–ဈာန် | ....... | ၁ |

ဤသို့ ဈာန်အပြားအားဖြင့် ၅–ပါးသာ ရှိ၏၊ ထိုဈာန် ငါးပါးကို ကု–ဝိ–ကြိ အားဖြင့် တဖန် ဝေဘန်ခဲ့သော် ရူပါဝစရစိတ် ၁၅–ပါး ဖြစ်၏။

(ပ–ဈာန် ၁×××မ–ဈာန် ၁ပါးစီ ၁၅–ပါး ဖြစ်လာ၏)

ဝိုက်ဝိုက် ဂူးဂူ ၊အထူး မြဲမြဲ၊ ရူအားသန်၊ ဈာန်ဟု ခေါ်သတတ်။

## စတုက္ကနည်း ဈာန် ၄–မျိုး

| | | | | | |
|---|---|---|---|---|---|
| ဝိတက် ××× | ဧကဂ္ဂတာ | | အင်္ဂါ | ၅–ပါးရှိ | ပ–ဈာန် |
| ပီတိ | သုခ | ဧကဂ္ဂတာ | အင်္ဂါ | ၃–ပါးရှိ | ဒု–ဈာန် |
| သုခ | ဧကဂ္ဂတာ | ဈာန် | အင်္ဂါ | ၂–ပါးရှိ | တ–ဈာန် |
| ဥပေက္ခာ | ဧကဂ္ဂတာ | ဈာန် | အင်္ဂါ | ၂–ပါးရှိ | စ–ဈာန် |

ပဉ္စက ဒု–တ ဈာန်သည် စတုက္က ဒု–ဈာန် ဖြစ်လာ၏၊
ပဉ္စက စတုတ္ထ ဈာန်သည် စတုက္က တ–ဈာန် ဖြစ်လာ၏၊
ပဉ္စက ပဉ္စမ ဈာန်သည် စတုက္က စ–ဈာန် ဖြစ်လာ၏၊

မှတ်သားရန်။ ။ပဉ္စက နည်း၏ ဒုတိယ ဈာန်တခုကို ဖြုတ်လိုက်လျှင် စတုက္က နည်းအရ ဈာန် ၄–မျိုး ဖြစ်လာ၏။

ရူပါဝစရစိတ် ၁၅–ပါးပြီး၏

## အရူပါဝစရစိတ် ၁၂ ပါး

အာကာသာနဉ္စာယတန ကုသိုလ်စိတ်
ဝိညာဏဉ္စာယတန ကုသိုလ်စိတ်
အာကိဉ္စညာယတန ကုသိုလ်စိတ်
နေဝသညာနာသညာယတန ကုသိုလ်စိတ်

အရူပါဝစရကုသိုလ်စိတ် ၄-ပါး

အာကာသာနဉ္စာယတန ဝိပါက်စိတ်
ဝိညာဏဉ္စာယတန ဝိပါက်စိတ်
အာကိဉ္စညာယတန ဝိပါက်စိတ်
နေဝသညာနာသညာယတန ဝိပါက်စိတ်

အရူပါဝစရ ဝိပါက်စိတ် ၄-ပါး

အာကာသာနဉ္စာယတန ကြိယာစိတ်
ဝိညာဏဉ္စာယတန ကြိယာစိတ်
အာကိဉ္စညာယတန ကြိယာစိတ်
နေဝသညာနာသညာယတန ကြိယာစိတ်

အရူပါဝစရ ကြိယာစိတ် ၄-ပါး

| | | |
|---|---|---|
| အရူပါဝစရ | ကုသိုလ်စိတ် | ....၄ |
| အရူပါဝစရ | ဝိပါက်စိတ် | ....၄ |
| အရူပါဝစရ | ကြိယာစိတ် | ....၄ |
| အရူပါဝစရ | စိတ်ပေါင်း | =၁၂ |

အာလမ္ဗဏ ပဘေဒေန, စတုဓာ ရုပ္ပမာနသံ၊
ပုည ပါက ကြိယာ ဘေဒါ, ပုန ဒွါဒသဓာ ဋ္ဌိတံ။

အာရုံနှင့် စပ်သောအားဖြင့် အရူပစိတ်သည် ၄-ပါး၊ တဖန် ကု-ဝိ-ကြိအားဖြင့် ၁၂-ပါး ပြား၏။

၄၈၁၄

အာ–ဝိ–အာ–နေ၊ ဈာန် လေးထွေ၊ ဥ–ဧ အင်္ဂါနှစ်၊
လေးဈာန် ယှဉ်မှု၊ လေးခု သုံးလီ၊ ကု–ဝိ–ကြီ၊ ပွါးဖြီစိတ်ဆဲ့နှစ်၊
အာရု ပြောင်းကာ၊ ပွါးတုံပါ၊ လေးဖြာ အရူပ။

မှတ်သားရန်။ ။မဟဂ္ဂုတ်=ကြီးမြတ်သော အာနုဘော် ရှိသော ကြောင့်၎င်း, မြင့်မြတ်သော ပုဂ္ဂိုလ်တို့သည် ရောက်အပ် ရအပ်သော ကြောင့်၎င်း, ရူပ အရူပစိတ် ၂၇–ပါးသည် မဟဂ္ဂုတ်စိတ် မည်၏၊ ပဉ္စမဈာန် ရပြီးသော ယောဂီ ပုဂ္ဂိုလ်သည်–

ကောင်းကင် ပညတ်
ပဌမာရုပ္ပဝိညာဏ်
နတ္ထိဘော ပညတ်
တတိယာရုပ္ပ ဝိညာဏ် ဟူသော အာရုံ ၄-ပါးကို ရှုသောအားဖြင့် အာရုံ အလိုက် အရူပ ဈာန်စိတ် ၄–ပါး ပြားလာလေသည်၊ ဈာန်မှာ ပဉ္စမဈာန်ပင် ဖြစ်သောကြောင့် ဥပေက္ခာ ဧကဂ္ဂတာ ဟူသော ဈာန်အင်္ဂါ ၂-ပါးသာ ရှိလေသည်။

ရူပစိတ်သည် အာရုံကို မလွန်, အင်္ဂါကို လွန်၏၊
အရူပစိတ်သည် အာရုံကို လွန်၏, အင်္ဂါကို မလွန်။

| စိတ္တုပ္ပါဒ် | အတိက္ကမိတဗ္ဗ | အာလမ္ဗိတဗ္ဗ |
|---|---|---|
| အာကာ | ...ပဋိဘာဂနိမိတ် | .....ကောင်းကင် |
| ဝိညာ | ....ကောင်းကင် | ....ပဌမာရုပ္ပ |
| အာကိံ | ....ပဌမာရုပ္ပ | ....နတ္ထိဘော |
| နေဝ | ...နတ္ထိဘော | ....တတိယာရုပ္ပ |

| | | | |
|---|---|---|---|
| မဟဂ္ဂုတ်။ | ကု–၉၊ | ဝိ–၉၊ | ကြိ–၉=၂၇ |
| | သော– | ၁၂၊ | ဥ –၁၅=၂၇ |
| မဟဂ္ဂုတ်။ | ပဌမဈာန်စိတ် | ၃၊ × × | |
| | စတုတ္ထဈာန်စိတ် | ၃၊ | |
| | ပဉ္စမဈာန်စိတ် | ၁၅=၂၇= | |

မဟဂ္ဂုတ် ဟူ၊ ရူ အရူ၊ ပေါင်းမူ သတ်—ဝီသ၊
ကု—ဝိ—ကြိ နော၊သော ဆံ့နှစ်ပါး၊ဥ ဆံ့ငါး၊
ပေါင်းငြား သတ်—ဝီသ။

ဥဘာ၊သင်္ခါရ—ဥဘာသမ္ပယုတ်ချည်း,သသင်္ခါရိကချည်းယူ။
တနဲ—အသင်္ခါရိက သသင်္ခါရိက ၂—ပါးလုံး မရအပ်၊
တနဲ—အသင်္ခါရိက သသင်္ခါရိက ၂—ပါးလုံး ယူရ၏၊
ဈာနဘေဒစိတ် ရူပ-၁၅၊အာလမ္ဗဏဘေဒစိတ် အရူ-၁၂။

အရူပစိတ် ၁၂—ပါးပြီး၏

---

လောကီစိတ် ၈၁။ ။ပျက်တတ်သော သင်္ခါရလောက ဝဋ်ဆင်းရဲ၌ အကျုံးဝင်တတ်သောကြောင့် လောကီစိတ်မည်၏။

| | | | |
|---|---|---|---|
| ဘူမိဘေဒ .... | ကာမစိတ် | .... | ၅၄ |
| | ရူပစိတ် | .... | ၁၅ |
| | အရူပစိတ် | .... | ၁၂=၈၁ |

ကာ ရူ အရူ၊ လောကီ ဟူ၊ ပေါင်းမူ ရှစ်ဆံ့တစ်။

| | | | |
|---|---|---|---|
| ဇာတိဘေဒ.... | အကုသိုလ်စိတ် | .... | ၁၂ |
| | လောကီကုသိုလ် | .... | ၁၇ |
| | လောကီဝိပါက် | .... | ၃၂ |
| | ကြိယာစိတ် | .... | ၂၀=၈၁။ |

ဆံ့နှစ် အကု၊ ကု ဆံ့ခွန် နှုန်း၊ သုံးဆံ့နှစ် ဝိ၊ နှစ်ဆယ် ကြိ၊
ပေါင်းဘိ ရှစ်ဆံ့တစ်။

| | | | |
|---|---|---|---|
| ဝေဒနာဘေဒ .... | ဥပေက္ခာ ဝေဒနာ | .... | ၄၇ |
| | သောမနဿ ဝေဒနာ | .... | ၃၀ |

| | | |
|---|---|---|
| ဒေါမနဿ | ဝေဒနာ ...... | ၂ |
| ဒုက္ခ | ဝေဒနာ .... | ၁ |
| သုခ | ဝေဒနာ .... | ၁=၈၁။ |

ဥ–ဇော သတ္တ၊ သော တိံသ၊ ဒေါ ဒွ ဒု-သု ကေ။
(ဇော= ၄၊ သတ္တ= ၇=၄၇)
လောကီစိတ် ၈၁-ပါ၊ ပြီ၏

---

## လောကုတ္တရာစိတ် အကျဉ်း ၈

| | | |
|---|---|---|
| သောတာပတ္တိ | မဂ်စိတ် ........ | ၁ |
| သကဒါဂါ | မဂ်စိတ် ........ | ၁ |
| အနာဂါမိ | မဂ်စိတ် ........ | ၁ |
| အရဟတ္တ | မဂ်စိတ် ........ | ၁ |

လောကုတ္တရာ ကုသိုလ်စိတ် ၄

| | | |
|---|---|---|
| သောတာပတ္တိ | ဖိုလ်စိတ် ...... | ၁ |
| သကဒါဂါမိ | ဖိုလ်စိတ် ........ | ၁ |
| အနာဂါမိ | ဖိုလ်စိတ် ........ | ၁ |
| အရဟတ္တ | ဖိုလ်စိတ် ........ | ၁ |

လောကုတ္တရာ ဝိပါက်စိတ် ၄

| | |
|---|---|
| လောကုတ္တရာ ကုသိုလ် (မဂ်) စိတ် .... | ၄ |
| လောကုတ္တရာ ဝိပါက် (ဖိုလ်) စိတ် .... | ၄ |

ပေါင်း လောကုတ္တရာစိတ် အကျဉ်း ၈

စတုမဂ္ဂ ပဘေဒေန, စတုဓာ ကုသလံ တထာ၊
ပါကံ တဿ ဖလတ္တာတိ, အဋ္ဌဓာ နုတ္တရံ မတံ။
(လောကီစိတ် ၈၁–နှင့် ပေါင်းလျှင် စိတ်အကျဉ်း ၈၉–ဖြစ်၏)

| | | | |
|---|---|---|---|
| ဇာတိဘေဒ— | ဒွါဒသာ ကုသလာနေဝံ= | အကုသိုလ်စိတ် | ၁၂ |
| | ကုသလာ နေကဝီသတိ= | ကုသိုလ်စိတ် | ၂၁ |
| | ဆတ္တိံသေဝ ဝိပါကာနိ= | ဝိပါက်စိတ် | ၃၆ |
| | ကြိယ စိတ္တာနိ ဝီသတိ= | ကြိယာစိတ် | ၂၀ |
| ဘူမိဘေဒ — | စတုပညာသဓာ ကာမေ= | ကာမစိတ် | ၅၄ |
| | ရူပေ ပန္နရ သီရယေ = | ရူပစိတ် | ၁၅ |
| | စိတ္တာနိ ဒွါဒသာရုပ္ပေ = | အရူပစိတ် | ၁၂ |
| | အဋ္ဌဓာ နုတ္တရေ တထာ = | လောကုတ္တရာ | ၈ |

ဝေဒနာ— သု ၁၊ ဒု ၁၊ ဒေါ ၂၊ သော ၃၈၊ ဥ ၄၇=၈၉

ယောဂ — သမ္ပယုတ် ၅၅၊ ဝိပ္ပယုတ် ၃၄ ...... =၈၉

သင်္ခါရ — အသင်္ခါရိက ၃၇၊ သသင်္ခါရိက ၅၂ ...... =၈၉

ဟေတု — အဟိတ် ၁၈၊ ဧက ၂၊ ဒွိ ၂၂၊ တိ ၄၇...... =၈၉

ဈာနဘေဒ-၁၅၊ အာရမ္မဏဘေဒ ၁၂၊ မဂ္ဂဘေဒ ၈၊

စိတ်အကျဉ်း ၈၉ ပြီး၏

---

## လောကုတ္တရာစိတ် အကျယ် ၄၀

| | | | |
|---|---|---|---|
| ပဌမဈာန် | သောတာပတ္တိ | မဂ်စိတ် | ၁ |
| ဒုတိယဈာန် | သောတာပတ္တိ | မဂ်စိတ် | ၁ |
| တတိယဈာန် | သောတာပတ္တိ | မဂ်စိတ် | ၁ |
| စတုတ္ထဈာန် | သောတာပတ္တိ | မဂ်စိတ် | ၁ |
| ပဉ္စမဈာန် | သောတာပတ္တိ | မဂ်စိတ် | ၁ |

ပေါင်း သောတာပတ္တိ မဂ်စိတ် ၅

| | | | |
|---|---|---|---|
| ထို့တူ | သကဒါဂါမိ | မဂ်စိတ် | ၅ |
| ထို့တူ | အနာဂါမိ | မဂ်စိတ် | ၅ |
| ထို့တူ | အရဟတ္တ | မဂ်စိတ် | ၅ |
| ပေါင်း | လောကုတ္တရာ | ကုသိုလ်စိတ် | ၂၀ |

| | | | |
|---|---|---|---|
| ပထမဈာန် | သောတာပတ္တိ | ဖိုလ်စိတ် | ၁ |
| ဒုတိယဈာန် | သောတာပတ္တိ | ဖိုလ်စိတ် | ၁ |
| တတိယဈာန် | သောတာပတ္တိ | ဖိုလ်စိတ် | ၁ |
| စတုတ္ထဈာန် | သောတာပတ္တိ | ဖိုလ်စိတ် | ၁ |
| ပဉ္စမဈာန် | သောတာပတ္တိ | ဖိုလ်စိတ် | ၁ |

ပေါင်းသောတာပတ္တိ ဖိုလ်စိတ် ၅

| | | | |
|---|---|---|---|
| ထို့တူ | သကဒါဂါမိ | ဖိုလ်စိတ် | ၅ |
| ထို့တူ | အနာဂါမိ | ဖိုလ်စိတ် | ၅ |
| ထို့တူ | အရဟတ္တ | ဖိုလ်စိတ် | ၅ |
| ပေါင်း | လောကုတ္တရာ | ဝိပါက်စိတ် | ၂၀ |

ဤသို့ လောကုတ္တရာ ကုသိုလ်စိတ် ၂၀
လောကုတ္တရာ ဝိပါက်စိတ် ၂၀

ပေါင်း လောကုတ္တရာ အကျယ် ၄၀။

ရှစ် လောကုတ်စု၊ တခုခုဝယ်၊ ငါးဈာန်ချယ်၊
အကျယ် လောကုတ် ပွါး၊
မဂ်စိတ် နှစ်ဆယ်၊ ဖိုလ် နှစ်ဆယ်၊ အကျယ် လောကုတ်ပွါး။

## အထွေထွေ သရုပ်ခွဲ

လောကီစိတ် ၈၁, လောကုတ္တရာ အကျယ် ၄၀ =၁၂၁
ဇာတိ =အကု–၁၂၊ ကု–၃၇၊ ဝိ –၅၂၊ ကြိ –၂၀ =၁၂၁
ဘူမိ =ကာမ–၅၄၊ ရူ –၁၅၊ အရူ–၁၂၊ လော–၄၀ =၁၂၁

ဝေဒနာ=သု — ၁၊ဒု—၁၊ဒေါ —၂၊သော —၆၂၊ဥ —၅၅=၁၂၁
သမ္ပ =သမ္ပယုတ် —၈၇၊ ဝိပ္ပယုတ် —၃၄.... =၁၂၁
သင်္ခါရ =အသင်္ခါရိက —၃၇ သသင်္ခါရိက —၈၄ =၁၂၁
ဈာန =ပ—ဈာန် ၁၁၊××× ပဉ္စမဈာန် —၂၃ ပေါင်း
ဈာန်စိတ် ၆၇၊ ဈာန် မဟုတ်သော ကာမစိတ် ၅၄ =၁၂၁

ယထာ စ ရူပါဝစရံ, ဂယှတာ နုတ္တရံ တထာ၊
ပထမာဒိ ဈာန ဘေဒေ, အာရုပ္ပဉ္စာပိ ပဉ္စမေ။
ဧကာဒသ ဝိဓံ တသ္မာ, ပထမာဒိက မီရိတံ၊
ဈာန မေကေက မန္တေ တု,တေဝိသတိဝိဓံ ဘဝေ။

လောကုတ္တရာ စိတ်ကို ရူပါဝစ် ကဲ့သို့ ပထမဈာန် စသော အပြားအားဖြင့် ရေတွက်အပ်၏၊ ထို့ကြောင့် ပ-ဒု-တ စ-ဈာန်စိတ်များမှာ ၁၁-ပါးစီ (၁၁×၄=၄၄) ဖြစ်၍ နောက်ဆုံး ပဉ္စမဈာန် စိတ်မှာ ၂၃-ပါး ဖြစ်လေသည်။

| | | | |
|---|---|---|---|
| ပ —ဈာန် | ရူ— ၃ | လော —၈ | ပေါင်း ၁၁ |
| ဒု —ဈာန် | ရူ— ၃ | လော —၈ | ပေါင်း ၁၁ |
| တ—ဈာန် | ရူ— ၃ | လော —၈ | ပေါင်း ၁၁ |
| စ —ဈာန် | ရူ— ၃ | လော —၈ | ပေါင်း ၁၁ |
| မ —ဈာန်ရူ,အရူ—၁၅ | | လော —၈ | ပေါင်း ၂၃ |

ဈာန်ခြေ အလိုက် မဂ်တရား ၄—မျိုး ၄—စား ကွဲပြား ခြားနားသောကြောင့် မဂ်စိတ်မှာ ၄—ပါး ပြားရသည်၊

မဂ်စိတ်သည် တကြိမ်သာ ဖြစ်သောကြောင့် ကြိယာစိတ် မရှိ၊ ပါဒကစသော အစွမ်းကြောင့် လောကုတ္တရာ ၄၀ ဖြစ်လာသည်။

လောကုတ္တရာစိတ် ပြီး၏

## စိတ်ပိုင်း ပြီးပြီ

# စေတသိက်ပိုင်း

## သမ္ပယောဂ လက္ခဏာ ၄-ပါး

ဧကုပ္ပါဒ နိရောဓာ စ, ဧကာလမ္ဗဏ ဝတ္ထုကာ၊
စေတော ယုတ္တာ ဒွိပညာသ, ဓမ္မာ စေတသိကာ မတာ။

ဧကုပ္ပါဒ = စိတ်နှင့် ပြိုင်တူ ဖြစ်ခြင်း၊
ဧကနိရောဓ = စိတ်နှင့် ပြိုင်တူ ချုပ်ခြင်း၊
ဧကာလမ္ဗဏ = စိတ်နှင့် အာရုံတူ ရှိခြင်း၊
ဧကဝတ္ထုက = စိတ်နှင့် မှီရာဝတ္ထု အတူရှိခြင်း၊

ဤ လက္ခဏာ ၄-ပါးနှင့် အညီ စိတ်၌ ယှဉ်ကုန်သော ၅၂-ပါးသော သဘော တရားတို့ကို စေတသိက်တို့ ဟူ၍ သိအပ်ကုန်၏။

ဤ လက္ခဏာ ၄-ပါးကို သမ္ပယုတ်လက္ခဏာ စေတောယုတ္တလက္ခဏာ စေတသိက်လက္ခဏာ ဟူ၍လည်း အမည် အမျိုးမျိုး ခေါ်၏။

ဖြစ်-ပျက်-မှီ-အာ၊ တူ လေးဖြာ၊ အင်္ဂါ ယှဉ်နိမိတ်၊
စိတ်၌ မှီတွယ်၊ စိတ်ကိုချယ်၊ ငါးဆယ်နှင့်နှစ်၊ စေတသိက်။

## သဗ္ဗစိတ္တသာဓာရဏ စေတသိက် ၇-လုံး

၁ ဖဿ = အာရုံကို တွေ့ထိမှု သဘော၊
ဝေဒနာ = အာရုံ၏ အရသာကို ခံစားမှု၊
သညာ = အာရုံကို မှတ်သားမှု၊
စေတနာ = သမ္ပယုတ် တရားတို့ကို နှိုးဆော်မှု၊
ဧကဂ္ဂတာ = အာရုံ တခုတည်း၌ တည်ကြည်မှု၊

ဇီဝိတိန္ဒြေ =ဖြစ်ဘက် တရားတို့ကို စောင့်ထိန်းမှု၊

မနသိကာရ=အာရုံကို ရှာဖွေ စုံစမ်းမှု၊

ဤ စေတသိက် ၇-လုံးသည် စိတ်အားလုံးတို့နှင့် ယှဉ်တတ် ဆက်ဆံ တတ်သောကြောင့် သဗ္ဗစိတ္တ သာဓာရဏစေတသိက် မည်၏။

သဗ္ဗစိတ္တ သာဓာရဏ စေတသိက် ပြီး၏

---

## ပကိဏ်းစေတသိက် ၆–လုံး

ဝိတက် = အာရုံသို့ရှေ့ရှုဘက်ရောက်တင်ပေးမှု၊

ဝိစာရ = အာရုံ၌ အဖန်ဖန် သုံးသပ်မှု၊

အဓိမောက္ခ = အာရုံကို ဆုံးဖြတ်မှု၊

ဝီရိယ = သမ္ပယုတ် တရားတို့ကို အားပေး ထောက်ခံမှု၊

ပီတိ = အာရုံကို ကြေနပ် နှစ်သိမ့်မှု၊

ဆန္ဒ = ပြုလိုကာမတ္တ သဘော၊

ဤ စေတသိက် ၆- လုံးတို့သည် သောဘဏ စိတ် အသောဘဏ စိတ် ၂-မျိုးလုံးတို့နှင့် ရောပြွမ်းကာ ယှဉ်တတ်သောကြောင့် ပကိဏ်းစေတသိက် မည်၏။

မှတ်သားရန်။ ။အသောဘဏစိတ်မှ ထောက်စာလျှင် သောဘဏ စိတ်သည်အညမည်၏၊သောဘဏစိတ်မှ ထောက်စာလျှင် အသောဘဏ စိတ်သည် အည မည်၏၊ ထိုအညမည်သော သောဘဏ အသောဘဏ စိတ်များနှင့် ယှဉ်တတ်သောကြောင့် သဗ္ဗစိတ္တသာဓာရဏ ၇-လုံးနှင့် ပကိဏ်း ၆–လုံး ပေါင်း ၁၃–လုံးသည် အညသမာနစေတသိက်မည်၏။

ကောင်းဆိုး နှစ်တန်၊ ခပ်တိုင်း၌၊ သမာန် အည၊ ဘေဒသ။

အညသမာန်း စေတသိက် အုပ်စု ၁၃-လုံး ပြီး၏

## အကုသိုလ် စေတသိက် ၁၄-လုံး

မောဟ =အာရုံ၏သဘောကို ဖုံးလွှမ်းခြင်း၊
အဟိရိက =ကာယဒုစရိုက် စသည်မှ မရှက်ခြင်း၊
အနောတ္တပ္ပ=ကာယဒုစရိုက် စသည်မှ မလန့်ခြင်း၊
ဥဒ္ဓစ္စ =မငြိမ်သက်ခြင်း ပြန့်လွင့်ခြင်း၊
လောဘ =အာရုံ၌ ငြိကပ် တာတွယ်ခြင်း၊
ဒိဋ္ဌိ =မှားသောအားဖြင့်မြင်ခြင်း ယူဆခြင်း၊
မာန =ငါသာတတ် ငါသာမြတ် ဟု ထောင်လွှားခြင်း၊
ဒေါသ =ကြမ်းတမ်း ပြစ်မှားခြင်း
ဣဿာ =သူတပါး စည်းစိမ်ကို ငြူစူခြင်း၊
မစ္ဆေရ =မိမိ စည်းစိမ်ကို လျှို့ဝှက်ခြင်း၊
ကုက္ကုစ္စ =အဖန် တလဲလဲ စိုးရိမ်ခြင်း၊
ထိန =စိတ်၏ မခံ့ခြင်း၊
မိဒ္ဓ =စေတသိက်၏ မခံ့ခြင်း၊
ဝိစိကိစ္ဆာ =အာရုံကို မဆုံးဖြတ်နိုင်ခြင်း၊

ဤစေတသိက် ၁၄-လုံးကို အပြစ်နှင့် တကွ ဖြစ်ခြင်း မကောင်းကျိုးကို ပေးခြင်း သဘောရှိသော အကုသိုလ် စိတ်တို့နှင့် ယှဉ်သောကြောင့် အကုသလ သာဓာရဏ စေတသိက် ခေါ်၏။

ယုတ်မာ ညစ်ကြေး၊ မိုက်မဲမှေး၊ ဆံ့လေး အကုသိုလ်။

အကုသိုလ် စေတသိက် ၁၄-လုံး ပြီး၏

## သောဘဏ အုပ်စုစေတသိက် ၂၅–လုံး

သဒ္ဓါ –ဘုရား စသော အာရုံ၌ ယုံကြည်ခြင်း၊
သတိ –ဘုရား စသော အာရုံ၌ အောက်မေ့ခြင်း၊
ဟိရီ –ကာယဒုစရိုက် စသည်မှ ပြုရန်ရှက်ခြင်း၊
ဩတ္တပ္ပ –ကာယ ဒုစရိုက်စသည်မှ ပြုရန်လန့်ခြင်း၊
အလောဘ–အာရုံ၌ မကပ်ငြိ မတွယ်တာခြင်း၊
အဒေါသ –မကြမ်းတန်း မပြစ်မှားခြင်း၊
တတြမဇ္ဈတ္တတာ–ထိုထို အာရုံ၌ လျစ်လျူ ရှုခြင်း၊
ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ =ငြိမ်း
ကာယ လဟုတာ, စိတ္တလဟုတာ =ပေါ့
ကာယ မုဒုတာ, စိတ္တမုဒုတာ =နူးညံ့၊
ကာယ ကမ္မညတာ, စိတ္တကမ္မညတာ =ခန့်ကျန်း၊
ကာယ ပါဂုညတာ, စိတ္တပါဂုညတာ =လေ့လာ၊
ကာယုဇုကတာ, စိတ္တုဇုကတာ =ဖြောင့်စင်းစွာ

ခြောက်ဖြာ ကိုစွ ဟော။ ။သောဘဏစိတ် အားလုံးတို့နှင့် ယှဉ်သောကြောင့် ဤ ၁၉ လုံးသော စေတသိက်သည် သောဘဏ သာဓာရဏ စေတသိက် မည်၏။

သမ္မာဝါစာ =ဝစီ ဒုစရိုက်မှ ရှောင်ကြဉ်မှု၊
သမ္မာကမ္မန္တ =ကာယ ဒုစရိုက်မှ ရှောင်ကြဉ်မှု၊
သမ္မာအာဇီဝ –ကောင်းစွာ အသက်မွေးမှု၊

ဤ ၃–ပါးသည် ဝိရတီ စေတသိက် မည်၏။
ကရုဏာ =ဒုက္ခိတ သတ္တဝါ အပေါ်သနားကြင်နာမှု၊
မုဒိတာ =သုခိတသတ္တဝါအပေါ် ဝမ်းသာမှု၊

ဤ စေတသိက် ၂—လုံးသည် အတိုင်းမသိသော သတ္တပညတ်ကို အာရုံပြုသောကြောင့် အပ္ပမညာ မည်၏။

မှတ်သားရန်။ ။အဒေါသ စေတသိက်ဖြင့် မေတ္တာကို ယူရ၏၊ တတြ မဇ္ဈတ္တတာ စေတသိက်ဖြင့် ဥပေက္ခာကို ယူရ၏၊ ထို့ကြောင့် ဤ စေတသိက် ပိုင်း၌ အပ္ပမညာ စေတသိက် ၂—လုံးကိုသာ ထုတ်ဖော်ပြထားသည်၊ အပ္ပမညာ ၄—မျိုးအနက် ကရုဏာ မုဒိတာ ၂—လုံး၏ စိတ်ယှဉ်မှာတူ၏၊ မေတ္တာ ဥပေက္ခာ စေတသိက် ၂—လုံး၏ စိတ်ယှဉ်မှာ တူ၏၊ ထို့ကြောင့် ခွဲထားရသည်။

အမောဟ စေတသိက်သည် ပညိန္ဒြေ မည်၏၊ ဤ စေတသိက် ၂၅—လုံးသည် ကောင်းမြတ် တင့်တယ်သောကြောင့် သောဘဏစေတသိက်အုပ်စုမည်၏။

| | | | |
|---|---|---|---|
| တေရ သည သမာနာ စ | =အညသမာန်း | စု | ၁၃၊ |
| စုဒ္ဒသာ ကုသလာ တထာ | =အကုသလ | စု | ၁၄၊ |
| သောဘဏာ ပဉ္စဝီသာတိ | =သောဘဏ | စု | ၂၅၊ |
| ဒွိပညာသ ပဝုစ္စရေ | =ပေါင်း စေတသိက် | | ၅၂၊ |

---

## သမ္ပယောဂနည်း ၁၆—ပါး

တေသံ စိတ္တာဝိယုတ္တာနံ, ယထာ ယောဂ မိတော ပရံ
စိတ္တုပ္ပါဒေသု ပစ္စေကံ, သမ္ပယောဂေါ ပဝုစ္စတိ။

စေတသိက်တို့၏ စိတ်တို့၌ အသီးသီး သင့်သလို ယှဉ်သော သမ္ပယောဂ နည်းကို ဆိုပေအံ့။

မှတ်သားရန်။ ။သမ္ပယောဂ, သင်္ဂဟ။ ။စေတသိက်ကို ရှေးဦးစွာကောက်ပြီး ဤ စေတသိက်ကား ဤစိတ်များနှင့် ယှဉ်၏ ဟု ရေတွက်ပြသော နည်းသည် သမ္ပယောဂနည်း မည်၏။ဤ စိတ်တလုံး၌ ဤမျှလောက် စေတသိက်များ ယှဉ်၏ ဟု စေတသိက်များကို ပေါင်းစု ရေတွက်ပြသော နည်းသည် သင်္ဂဟနည်း မည်၏၊

## သမ္ပယောဂနည်းအကျဉ်း ၄ , အကျယ် ၁၆-ပါး

၁၊ **သတ္တ သဗ္ဗတ္ထ ယုဇ္ဇန္တိ**—၇ ပါးသောစေတသိက်တို့သည် စိတ်အားလုံးတို့၌ ယှဉ်၏၊

၂၊ **ယထာ ယောဂံ ပကိဏ္ဏကာ**-ပကိဏ်းစေတသိက် ၆ လုံးသည် သင့်သလို ရောကျော်ဖြုံးပြွမ်း၍ ယှဉ်၏။

၃၊ **စုဒ္ဒသာ ကုသလေ သွေဝ**-အကုသိုလ်စေတသိက် ၁၄ လုံးသည် အကုသိုလ်စိတ် ၁၂-ပါး၌ယှဉ်၏၊

၄၊ **သောဘဏေသွေဝသောဘဏာ**-သောဘဏ ၂၅-လုံးသည် သောဘဏ စိတ်တို့၌ ယှဉ်၏။

## သဗ္ဗစိတ္တသာဓာရဏ သမ္ပယောဂနည်း

ဖဿသည် စိတ်ကျဉ်း ၈၉, အကျယ် ၁၂၁—၌ ယှဉ်၏၊

× × × × ×

မနသိကာရသည် စိတ်ကျဉ်း ၈၉, အကျယ် ၁၂၁—၌ ယှဉ်၏။

ထို့ကြောင့် သဗ္ဗစိတ္တ သာဓာရဏ စေတသိက် လုံးရေမှာ—

အကျဉ်း ၇× ၈၉=၆၂၃—လုံး ဖြစ်၏၊

အကျယ် ၇×၁၂၁=၈၄၇—လုံး ဖြစ်၏။

## ပကိဏ်းစေတသိက် သမ္ပယောဂနည်း ၆

ဝိတက် =အယှဉ် ၅၅၊ မယှဉ် ၆၆—

ဒွေပဉ္စဝိညာဏ် ၁၀ ကြဉ်သောကာမစိတ် ၄၄

ပဌမဈာန် ........ ........ ၁၁

ပေါင်း ၅၅—ပါးသော စိတ်နှင့် ယှဉ်၏။

ဒွေပဉ္စဝိညာဏ် ........ ........ ၁၀

ဒု—ဈာန် ၁၁၊ တ—၁၁၊ စ—၁၁ ........ ၃၃

ပဉ္စမဈာန်စိတ် ........ ........ ၂၃

ပေါင်း ၆၆—ပါးသော စိတ်နှင့် မယှဉ်။

ဝိစာရ– အယှဉ် ၆၆၊ မယှဉ် ၅၅–

ဒွေပဉ္စဝိညာဏ် ၁၀-ကြဉ်သော ကာမစိတ် ၄၄
ပ-ဈာန် ၁၁၊ ဒု-ဈာန် ၁၁ = ၂၂

ပေါင်း ၆၆- ပါးသော စိတ်နှင့် ယှဉ်၏။

| | | | |
|---|---|---|---|
| ဒွေပဉ္စဝိညာဏ် | ........ | ........ | ၁၀ |
| ဒု–ဈာန် ၁၁၊ တ-ဈာန် ၁၁= | | ........ | ၂၂ |
| ပဉ္စမဈာန်စိတ် | ........ | ........ | ၂၃ |

ပေါင်း ၅၅–ပါးသော စိတ်နှင့် မယှဉ်။

အဓိမောက္ခ= မယှဉ် ၁၁၊ အယှဉ် ၇၈-

| | | | |
|---|---|---|---|
| ဒွေပဉ္စဝိညာဏ် | ........ | ........ | ၁၀ |
| ဝိစိကိစ္ဆာသဟဂုတ်စိတ် | | ........ | ၁ |

ပေါင်း ၁၁-ပါးနှင့် မယှဉ်၊ ကျန်၇၈–ပါးနှင့် ယှဉ်၏။

ဝီရိယ= မယှဉ် ၁၆၊ အယှဉ် ၇၃-

| | | | |
|---|---|---|---|
| ဒွေပဉ္စဝိညာဏ် | ........ | ........ | ၁၀ |
| ပဉ္စဒွါရာဝဇ္ဇန်း | ........ | ........ | ၁ |
| သမ္ပဋိစ္ဆန်း | ........ | ........ | ၂ |
| သန္တီရဏ | ........ | ........ | ၃ |

ပေါင်း ၁၆–ပါးနှင့် မယှဉ်၊ ကျန် ၇၃-ပါးနှင့် ယှဉ်၏။

ပီတိ= အယှဉ် ၅၁၊ မယှဉ် ၇၀

| | | | |
|---|---|---|---|
| လောဘမူ | သောမနဿ | သဟဂုတ် | ၄ |
| အဟိတ် | သောမနဿ | သဟဂုတ် | ၂ |
| မဟာကုသိုလ် | သောမနဿ | သဟဂုတ် | ၄ |

| | | | |
|---|---|---|---|
| မဟာဝိပါက် | သောမနဿ | သဟာဂုတ် | ၄ |
| မဟာကြိယာ | သောမနဿ | သဟာဂုတ် | ၄ |

ပ-ချုန် ၁၁၊ ဒု-ချုန် ၁၁၊ တ-ချုန် ၁၁= ၃၃

ပေါင်း ၅၁– ပါးသော စိတ်နှင့် ယှဉ်၏၊

| | | | |
|---|---|---|---|
| ဒေါသမူဒွေး | ......... | ......... | ၂ |
| ဥပေက္ခာသဟာဂုတ်စိတ် | ...... | ......... | ၅၅ |
| ကာယဝိညာဏ်ဒွေး | ........ | ........ | ၂ |
| စတုတ္ထ ဈာန်စိတ် | ........ | ........ | ၁၁ |

ပေါင်း ၇၀–သော စိတ်နှင့် မယှဉ်။

ဆန္ဒ= အယှဉ် ၆၉၊ မယှဉ် ၂၀–

| | | | |
|---|---|---|---|
| လောဘမူစိတ် | ........ | ........ | ၈ |
| ဒေါသမူစိတ် | ........ | ........ | ၂ |
| သောဘဏစိတ် | ........ | ........ | ၅၉ |

ပေါင်း ၆၉–ပါးသော စိတ်နှင့် ယှဉ်၏၊

| | | | |
|---|---|---|---|
| မောဟမူဒွေး | ........ | ........ | ၂ |
| အဟိတ်စိတ် | ........ | ........ | ၁၈ |

ပေါင်း ၂၀–သော စိတ်နှင့် မယှဉ်။

**မှတ်သားရန်။** ။ဒွေပဉ္စဝိညာဏ်သည် အားနည်းသောကြောင့် ထိုစိတ်များ၌ ပကိဏ်ဏ စေတသိက်များ မယှဉ်နိုင်၊

ဝိတက္က ဝိရာဂ ဘာဝနာဖြင့် ပယ်အပ်သောကြောင့် ဝိတက်သည် ဒု–တ–စ–ပဉ္စမ ဈာန်များ၌ မယှဉ်၊

ဝိစာရ ဝိရာဂ ဘာဝနာဖြင့် ပယ်အပ်သောကြောင့် ဝိစာရသည် တ–စ–ပဉ္စမ ဈာန်များ၌ မယှဉ်၊

ပီတိ ဝိဇ္ဇာ အာဝနာဖြင့် ပယ်အပ်သောကြောင့် ပီတိသည် စတုတ္ထ ပဉ္စမ ဈာန်များ၌မယှဉ်။

ဝိစိကိစ္ဆာသည် ဆုံးဖြတ်နိုင်လောက်အောင် သောက်ရာတည်ရာ မရှိသောကြောင့် ထိုစိတ်၌ အဓိမောက္ခ မယှဉ်၊

နှစ်သိမ့်မှု (ပီတိ) နှင့် ဆန့်ကျင်ဘက်ဖြစ်သောကြောင့် ဒေါသနှင့် သဟဂုတ် ဥပေက္ခာသဟဂုတ် စိတ်များ၌ ပီတိ မယှဉ်၊

မောဟမူ ဒွေး နှင့် အဟိတ်စိတ်များ၌ လိုလားမှု မရှိသောကြောင့် ဆန္ဒသည် ထိုစိတ်များ၌ မယှဉ်။

တေ ပန ဝိတ္တုပ္ပါဒါ ယထာက္ကမံ

ဆသဋ္ဌိ ပဉ္စပညာသ, ဧကာဒသ စ သောဠသ၊
သတ္တတိ ဝီသတိ စေဝ, ပကိဏ္ဏက ဝိဝဇ္ဇိတာ။
ပဉ္စပညာသ ဆသဋ္ဌိ,ဋ္ဌ သတ္တတိ တိသတ္တတိ၊
ဧက ပညာသ စေကူန, သတ္တတိ သ-ပကိဏ္ဏကာ။

| စေတသိက် | ယှဉ် | | မယှဉ် | ပေါင်း |
|---|---|---|---|---|
| ဝိတက် | ....၅၅ | + | ၆၆= | ၁၂၁ |
| ဝိစာရ | ....၆၆ | + | ၅၅= | ၁၂၁ |
| အဓိ | ......၇၈ | + | ၁၁= | ၈၉ |
| ဝီရိယ | ...၇၃ | + | ၁၆= | ၈၉ |
| ပီတိ | ....၅၁ | + | ၇၀= | ၁၂၁ |
| ဆန္ဒ | ....၆၉ | + | ၂၀= | ၈၉ |

| | | | |
|---|---|---|---|
| အဝိဂ္ဂေကျာ်နှိုင့် | ယှဉ်သောစိတ် | အကျယ် | ၁၁၀ |
| ဝီရိယနှိုင့် | ယှဉ်သောစိတ် | အကျယ် | ၁၀၅ |
| ဆန္ဒနှိုင့် | ယှဉ်သောစိတ် | အကျယ် | ၁၀၁ |

အညသမာန်း သဗ္ဗယောဂနည်း ၇-ပါး ပြီး ပြီ

## အကုသိုလ် စေတသိက်သမ္ပယောဂနည်း ၅-ပါး

| | |
|---|---|
| မောဟ<br>အဟိရိက<br>အနောတ္တပ္ပ<br>ဥဒ္ဓစ္စ | } မောစတုက် ၄-လုံး |

ဤ စေတသိက် ၄-လုံးသည် အကုသိုလ်စိတ် ၁၂-ပါး လုံးနှင့် ယှဉ်သောကြောင့် သဗ္ဗာကုသလ သာဓာရဏ စေတသိက် မည်၏။

လောဘသည် လောဘမူစိတ် ၈-ပါး၌ယှဉ်၏၊
ဒိဋ္ဌိသည် ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ပါး၌ယှဉ်၏၊
မာနသည် ဒိဋ္ဌိဂတ ဝိပ္ပယုတ် ၄-ပါး၌ယှဉ်၏၊

ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ ဤ (ဒေါစတုက်) စေတသိက် ၄-လုံးသည် ဒေါသမူစိတ် ၂-ပါး၌ ယှဉ်၏၊

ထိနမိဒ္ဓသည်အသင်္ခါရိကစိတ် ၅ပါး၌ယှဉ်၏၊
ဝိစိကိစ္ဆာသည် ဝိစိကိစ္ဆာသဟဂုတ် စိတ်၌ ယှဉ်၏၊

သဗ္ဗာပုညေသု စတ္တာရော, လောဘမူလေ တယောဂတာ၊
ဒေါသမူလေသု စတ္တာရော, သသင်္ခါရေ ဒွယံ တထာ၊
ဝိစိကိစ္ဆာ ဝိစိကိစ္ဆာ, စိတ္တေ စာတိ စတုဒ္ဒသ၊
ဒွါဒသာ ကုသလေ သွေဝ, သမ္ပယုဇ္ဇန္တိ ပဉ္စဓာ၊
မော-စတုက် ၄-လုံးသည် အကုသိုလ်စိတ် ၁၂-ပါး၌၊
လော-ဒိမာ ၃-လုံးသည် လောဘမူစိတ် ၈-ပါး၌၊

ဒေါ-စတုက် ၄-လုံးသည် ဒေါသမူစိတ် ၂-ပါး၌၊
ထိန-မိဒ္ဓ ၂-လုံးသည် အသင်္ခါရိကစိတ် ၅-ပါး၌၊
ဝိစိကိစ္ဆာသည် ဝိစိကိစ္ဆာ သဟဂုတ်စိတ် ၂-ပါး၌ယှဉ်၏၊
ဤသို့ အကုသလသမ္ပယောဂနည်း ၅-ပါးဖြစ်သတည်း။

အကုသလသမ္ပယောဂနည်း ၅-ပါး ပြီး၏

---

## သောဘဏစေတသိက်သမ္ပယောဂနည်း ၄-ပါး

**သောဘဏသာဓာရဏ** စေတသိက် ၁၉-လုံးသည် အားလုံးသော သောဘဏစိတ် ၅၉-ပါး၌ ယှဉ်၏၊ **ဝိရတီ** စေတသိက်သုံးလုံးသည် လောကုတ္တရာစိတ် ၈-ပါး၌ အခါခပ်သိမ်း အမြဲတမ်း တပေါင်းတည်း ယှဉ်၏၊ လောကီစိတ်တို့အနက် မဟာကုသိုလ်စိတ် ၈-ပါး၌ ခါ၊ အသီးသီး တလုံးစီ ယှဉ်၏။

### အပ္ပမညာစေတသိက် ၂-လုံးသည်

ရူပ ပ-ဈာန် ၁၊ × × စဈာန် ၁-၁၂
မဟာကုသိုလ်စိတ် ........ ........ ၈
မဟာကြိယာစိတ် ........ ........ ၈

ပေါင်း ၂၈-ပါ သောစိတ်တို့၌ ယှဉ်၏

### ကေစိ ဝါဒအားဖြင့် (ဥပေက္ခာနှင့်မယှဉ်နိုင်၍)

ရူပ ပထမဈာန်စိတ် ....... ၁
ရူပ ဒုတိယဈာန်စိတ် ........ ၁
ရူပ တတိယဈာန်စိတ် ........ ၁

ရူပ စတုတ္ထဈာန်စိတ် ........ ၃
မဟာကုသိုလ် သောမနဿ ........ ၄
မဟာကြိယာ သောမနဿ ........ ၄
ပေါင်း ၂၀—သောစိတ်တို့၌ ယှဉ်၏။

မဟာကုသိုလ် ကြိယာ ဥပေက္ခာ ၈—ပါး၌မယှဉ်။

## ပညိန္ဒြေစေတသိက်သည်

မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ........ ၄
မဟာဝိပါက် ဉာဏသမ္ပယုတ်စိတ် ........ ၄
မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ........ ၄
မဟဂ္ဂုတ်စိတ် ........ ၂၇
လောကုတ္တရာစိတ် အကျဉ်း ........ ၈

ပေါင်း ၄၇-ပါး သောစိတ်တို့၌ ယှဉ်၏။

ဧကူနဝီသတိ ဓမ္မာ, ဇာယန္တေကူန သဋ္ဌိသု၊
တယော သောဠသ စိတ္တေသု, အဋ္ဌဝီသတိယံ ဒွယံ။
ပညာ ပကာသိတာ သတ္တ, စတ္တာလီသ ဝိဓေသုပိ၊
သမ္ပယုတ္တာ စတုဓေဝံ, သောဘနေသွေဝ သောဘနာ။

| | | | |
|---|---|---|---|
| သောဘဏသာဓာရဏ | ၁၉=လုံးသည် | စိတ် | ၅၉—ပါး၌ |
| ဝိရတီစေတသိက် | ၃-လုံးသည် | စိတ် | ၁၆—ပါး၌ |
| အပ္ပမညာစေတသိက် | ၂—လုံးသည် | စိတ် | ၂၈—ပါး၌ |
| ပညိန္ဒြေ စေတသိက် | ၁-လုံးသည် | စိတ် | ၄၇—ပါး၌ |

သောဘဏ သမ္ပယောဂနည်း ၄—ပါးပြီးပြီ

## အနိယတ ၁၁-လုံး နိယတ ၄၁-လုံး

ဣဿာ မစ္ဆေရ ကုက္ကုစ္စ, ဝိရတီ ကရုဏာဒယော၊
နာနာ ကဒါစိ မာနော စ, ထိနမိဒ္ဓံ တထာ သဟ၊
ယထာဝုတ္တာနုသာရေန, သေသာ နိယတယောဂိနော။

ဣဿာ မစ္ဆရိယ ကုက္ကုစ္စ နှင့် ဝိရတိ စေတသိက် သုံးလုံး ကရုဏာ မုဒိတာ ဤ ၈-လုံးသည် နာနာ ကဒါစိ စေတသိက်တို့ မည်၏၊ မာန စေတသိက်သည် ကဒါစိ စေတသိက် မည်၏၊ ထိန နှင့် မိဒ္ဓသည် သဟကဒါစိ စေတသိက် မည်၏၊

ဤ စေတသိက် ၁၁-လုံးသည် အနိယတ- မမြဲသော၊ ယောဂီ- ယှဉ်တတ်သော ကြောင့် အနိယတ ယောဂီ စေတသိက် မည်၏။ ကျန် စေတသိက် ၄၁-လုံးသည် မိမိ ယှဉ်ရာစိတ်၌ စိတ်ဖြစ်ပေါ်တိုင်း အမြဲတမ်း ယှဉ်၍ ပါလာသောကြောင့် နိယတယောဂီ စေတသိက်မည်၏။

မှတ်သားရန်။ ။ဣဿာ မစ္ဆရိယ ကုက္ကုစ္စတို့ ကဒါစိ ယှဉ်ပုံ-

(က) ဣဿာသည် သူတပါး စည်းစိမ်ကို ငြူစူခိုက် ယှဉ်၏၊ မငြူစူသော အခါ မယှဉ်၊

(ခ) မစ္ဆရိယသည် မိမိစည်းစိမ်ကို လျှို့ဝှက်သော အခိုက် ယှဉ်၏၊ မလျှို့ဝှက်သော အခါ မယှဉ်။

(ဂ) ကုက္ကုစ္စသည် ပြုမိခဲ့သော ဒုစရိုက်နှင့် မပြုလိုက်ရသော သုစရိုက်ကို အောက်မေ့၍ နှလုံးမသာယာ ဖြစ်ခိုက် ယှဉ်၏၊ နှလုံး မသာယာခြင်း မဖြစ်လျှင် မယှဉ်ပေ၊ ဤသို့ကဒါစိ တခံ့တခါသာ ယှဉ်၏။

နာနာ အသီးသီးတလုံးစီ ယှဉ်ပုံ=

(က) ဉာဏ ယှဉ်ခိုက် မဇ္ဈတ္တရိယ ကုက္ကုစ္စတို့ မယှဉ်ကြ၊
(ခ) မဇ္ဈတ္တရိယ ယှဉ်ခိုက် ဉာဏ ကုက္ကုစ္စတို့ မယှဉ်ကြ။
(ဂ) ကုက္ကုစ္စ ယှဉ်ခိုက် ဉာဏ မဇ္ဈတ္တရိယတို့ မယှဉ်ကြ၊

ဤသို့ နာနာ အသီးသီး တလုံးစီသာ ယှဉ်၏။

ဝိရတိ သုံးလုံး၏ ကဒါစိ ယှဉ်ပုံ—

(က) သမ္မာဝါစာသည် ဝိတိက္ကမိတဗ္ဗ ဝတ္ထုကို အာရုံပြု၍ မိစ္ဆာဝါစာမှ ရှောင်ကြဉ်ခိုက် ယှဉ်၏၊ မရှောင်ကြဉ်လျှင် မယှဉ်။
(ခ) သမ္မာကမ္မန္တသည် ဝိတိက္ကမိတဗ္ဗဝတ္ထုကို အာရုံပြု၍ မိစ္ဆာကမ္မန္တမှ ရှောင်ကြဉ်ခိုက် ယှဉ်၏၊ မရှောင်ကြဉ်ခိုက်မယှဉ်။
(ဂ) သမ္မာအာဇီဝသည် မိစ္ဆာဝါစာ မိစ္ဆာကမ္မန္တမှ အာဇီဝ ဟေတုက်ဖြစ်သော ရှောင်ကြဉ်ခိုက် ယှဉ်၏၊ မရှောင်ကြဉ်လျှင် မယှဉ်။

ဤသို့ ကဒါစိ တရံ တခါသာ ယှဉ်၏။

နာနာ အသီးအသီး တလုံးစီ ယှဉ်ပုံ—

(က) သမ္မာဝါစာ ယှဉ်ခိုက် သမ္မာကမ္မန္တ သမ္မာအာဇီဝတို့မယှဉ်၊
(ခ) သမ္မာကမ္မန္တ ယှဉ်ခိုက် သမ္မာဝါစာ သမ္မာအာဇီဝတို့ မယှဉ်။
(ဂ) သမ္မာအာဇီဝ ယှဉ်ခိုက် သမ္မာဝါစာ သမ္မာကမ္မန္တတို့ မယှဉ်၊

ဤသို့ နာနာ အသီး အသီး တလုံးစီသာ ယှဉ်၏။

ကရုဏာ မုဒိတာတို ကဒါစိ ယှဉ်ပုံ—

(က) ကရုဏာ စေတသိက်သည် ဒုက္ခိတ သတ္တဝါကို အာရုံပြုခိုက် ယှဉ်၏၊ အာရုံ မပြုသော အခါမယှဉ်၊

(ခ) မုဒိတာ စေတသိက်သည် သုခိတ သတ္တဝါကို အာရုံပြုခိုက် ယှဉ်၏၊ အာရုံ မပြုသောအခါ မယှဉ်။
ဤသို့ ကဒါစိ တရံ တခါသာ ယှဉ်၏။

နာနာ အသီးသီး တလုံးစီ ယှဉ်ပုံ—

(က) ကရုဏာ ယှဉ်ခိုက် မုဒိတာ မယှဉ်၊

(ခ) မုဒိတာ ယှဉ်ခိုက် ကရုဏာ မယှဉ်၊

ဤသို့ အာရုံ မတူသောကြောင့် အသီးသီး ယှဉ်၏။

မာန စေတသိက်၏ ကဒါစိ ရုံခါယှဉ်ပုံ—

မာနသည် ဒိဋ္ဌိဂတဝိပ္ပယုတ် ၄-ပါး၌ ယှဉ်ရာတွင် ငါနှင့် တူသူ မရှိဟု မိမိကိုယ်ကို အထင်ကြီးသော အခါ၌သာ ယှဉ်၏၊ အထင်မကြီးသော အခါ မယှဉ်၊ ဒိဋ္ဌိဂတဝိပ္ပယုတ်စိတ် ဖြစ်တိုင်း မာန စေတသိက် ယှဉ်ချင်မှ ယှဉ်သည့်တခါတလေ မယှဉ် ဟူလို၊ မာနသည် တွဲဘက် မရှိ၍ နာနာ အသီးအသီး ယှဉ်၏ ဟုဆိုအပ်လေ၏။

ထိန နှင့် မိဒ္ဓတို့ ကဒါစိ ရုံခါ ယှဉ်ပုံ—

ထိန နှင့် မိဒ္ဓတို့သည် ပျင်းရိ ထိုင်းမှိုင်း ဆုတ်နစ်သော အခါ ယှဉ်၏၊ မပျင်းရိ မထိုင်းမှိုင်း မဆုတ်နစ်သော အခါ မယှဉ်၊ ဤသို့ ကဒါစိ တရံတခါသာ ယှဉ်၍ တရံတခါ မယှဉ်ပေ၊ ဤသို့ထိန နှင့် မိဒ္ဓ ၂—လုံးသည် မည်သည့် အခါမှ နာနာ အသီးသီး တလုံးစီ ခွဲကာ မယှဉ်ကြ၍ နာနာ အသီး အသီး ယှဉ်ပုံမရ၊ ဤ ၂—လုံးကား ယှဉ်ရင်လဲ အတူတူ၊ မယှဉ်ရင်လဲ အတူတူ၊ ခွဲခြား၍ တလုံး တခြားစီ ဖြစ်နိုင် မရှိ ဟူလို။

အညသမာန်းသမ္ပယောဂနည်း ၇—ပါး၊
အကုသိုလ် သမ္ပယောဂနည်း ၅-ပါး၊
သောဘဏ သမ္ပယောဂနည်း ၄—ပါး၊

ပေါင်းသမ္ပယောဂနည်း ၁၆—ပါး

သမ္ပယောဂနည်း ပြီး၏

# သင်္ဂဟနည်းခေါင်းစဉ်

အကျဉ်း ၅–နည်း၊ အကျယ် ၃၃–နည်း၊

ဆတ္တိံသာ နုတ္တရေ ဓမ္မာ, ပဉ္စတ္တိံသ မဟဂ္ဂတေ၊
အဋ္ဌတ္တိံသာပိ လဗ္ဘန္တိ, ကာမာဝစရ သောဘဏေ။
သတ္တဝီသတိ ပုညမှိ, ဒွါဒသာ ဟေတုကေတိစ၊
ယထာသမ္ဘဝ ယောဂေန, ပဉ္စဓာ တတ္ထ သင်္ဂဟော။

| | | | |
|---|---|---|---|
| ၁။ | လောကုတ္တရာစိတ်၌ | ၃၆–ပါး | ၅–နည်း၊ |
| ၂။ | မဟဂ္ဂုတ် စိတ်၌ | ၃၅–ပါး | ၅–နည်း။ |
| ၃။ | ကာမသောဘဏ၌ | ၃၈–ပါး | ၁၂–နည်း။ |
| ၄။ | အကုသိုလ်စိတ်၌ | ၂၇–ပါး | ၇–နည်း။ |
| ၅။ | အဟိတ်စိတ်၌ | ၁၂–ပါး | ၄–နည်း။ |

မှတ်သားရန်။ ။သင်္ဂဟနည်း ၃၃–ပါးကို ခေါင်းစဉ် ၅–မျိုး ခွဲကာ သင်္ဂြိုဟ်ကျမ်း၌ စေတသိက် အများအနည်းကိုလိုက်၍ ပြထား၏၊ ဤကျမ်း၌ သင်တန်းသားများ အမှတ်ရလွယ်အောင် အကုသိုလ်စိတ် သင်္ဂဟနည်းကစ၍ အစဉ်အတိုင်း ပြပေအံ့၊ စိတ်ကိုကိုင်၍ ယှဉ်နိုင်သမျှ စေတသိက်စုကို ရေတွက်ပြသော နည်းသည် သင်္ဂဟနည်း မည်၏။

## အကုသိုလ်စိတ် သင်္ဂဟနည်း ၇–ပါး

သောမနဿ ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိက စိတ်၌–

| | | |
|---|---|---|
| အညသမာန်း | ........ | ၁၃ |
| အကုသလ သာဓာရဏ | ........ | ၄ |
| လောဘ ဒိဋ္ဌိ | ........ | ၂=၁၉ |

သောမနဿ ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်၌–

| | | |
|---|---|---|
| အညသမာန်း | ........ | ၁၃ |
| အကုသလသာဓာရဏ | ........ | ၄ |
| လောဘဒိဋ္ဌိ ထိန မိဒ္ဓ | ........ | ၄=၂၁ |

သောမနဿ ဒိဋ္ဌိဂတဝိပ္ပယုတ် အသင်္ခါရိကစိတ်၌–

| | | |
|---|---|---|
| အညသမာန်း | ....... | ၁၃ |
| အကုသလသာဓာရဏ | ........ | ၄ |
| လောဘ မာန | ........ | ၂=၁၉ |

သောမနဿ ဒိဋ္ဌိဂတဝိပ္ပယုတ် သသင်္ခါရိက စိတ်၌–

| | | |
|---|---|---|
| အညသမာန်း | ........ | ၁၃ |
| အကုသလသာဓာရဏ | ........ | ၄ |
| လောဘ မာန ထိန မိဒ္ဓ | ........ | ၄=၂၁။ |

ဥပေက္ခာ ဒိဋ္ဌိဂတသမ္ပယုတ် အသင်္ခါရိကစိတ်၌–

| | | |
|---|---|---|
| ပီတိကြဉ် အညသမာန်း | ........ | ၁၂ |
| အကုသလသာဓာရဏ | ........ | ၄ |
| လောဘ ဒိဋ္ဌိ | ........ | ၂=၁၈။ |

ဥပေက္ခာ ဒိဋ္ဌိဂတသမ္ပယုတ် သသင်္ခါရိကစိတ်၌–

| | | |
|---|---|---|
| ပီတိကြဉ် အညသမာန်း | ........ | ၁၂ |
| အကုသလသာဓာရဏ | ........ | ၄ |
| လောဘ ဒိဋ္ဌိ ထိန မိဒ္ဓ | ........ | ၄–၂၀။ |

ဥပေက္ခာ ဒိဋ္ဌိဂတ ဝိပ္ပယုတ် အသင်္ခါရိကစိတ်၌–

| | | |
|---|---|---|
| ပီတိကြဉ် အညသမာန်း | ........ | ၁၂ |
| အကုသလသာဓာရဏ | ........ | ၄ |
| လောဘ မာန | ........ | ၂=၁၈ |

ဥပေက္ခာ ဒိဋ္ဌိဂတ ဝိပ္ပယုတ် သသင်္ခါရိက စိတ်၌—

| | | |
|---|---|---|
| ပီတိကြဉ် အညသမာန်း | ........ | ၁၂ |
| အကုသလ သာဓာရဏ | ........ | ၄ |
| လောဘ မာန ထိန မိဒ္ဓ | ........ | ၄=၂၀ |

မှတ်သားရန်။ ။လောဘမူစိတ် ၈—ခု၌ စိတ်တခုချင်း တမျိုးစီခွဲဝေ၍ စေတသိက်စုကို ရေတွက်ပြထားသဖြင့်သင်္ဂဟနည်း ၈—မျိုးဖြစ်သော်လည်း စေတသိက် အရေအတွက် လုံးရေတူအားဖြင့် ၄—မျိုးသာရ၏၊ ထိုကြောင့် လောဘမူ သင်္ဂဟနည်း ၄—မျိုးသာရှိ၏ဟု မှတ်။

ပဌမ နှင့် တတိယစိတ်၌ စေတသိက် ၁၉—လုံးစီ တနည်း။
ဒုတိယ နှင့် စတုတ္ထစိတ်၌ စေတသိက် ၂၁—လုံးစီ တနည်း။
ပဉ္စမ နှင့် သတ္တမစိတ်၌ စေတသိက် ၁၈—လုံးစီ တနည်း။
ဆဋ္ဌမ နှင့် အဋ္ဌမစိတ်၌ စေတသိက် ၂၀—လုံးစီ တနည်း။

လောဘမူစိတ် ၈—ခု၌ ယှဉ်သော စေတသိက်ပေါင်း မှာ—

| | | |
|---|---|---|
| အညသမန်းစေတသိက် | ....... | ၁၃ |
| အကုသလသာဓာရဏ | ....... | ၄ |
| လောဘ ဒိဋ္ဌိ မာန ထိန မိဒ္ဓ | ....... | ၅ |

၂၂—ပါး ယှဉ်၏။

ဒေါမနဿ ပဋိဃ သမ္ပယုတ် အသင်္ခါရိကစိတ်၌—

| | | |
|---|---|---|
| ပီတိကြဉ် အညသမာန်း | ....... | ၁၂ |
| အကုသလသာဓာရဏ | ....... | ၄ |
| ဒေါ၊ ဣ၊ မ၊ ကု (ဒေါသစတုက်) | ...... | ၄=၂၀ |

ဒေါမနဿ ပဋိဃသမ္ပယုတ် သသင်္ခါရိကစိတ်၌—

ဒိဋ္ဌိကြဉ် အညသမာန်း ........ ၁၂
အကုသလသာဓာရဏ ........ ၄
ဒေါစတုက်၊ ထိန, မိဒ္ဓ ........ ၆=၂၂။

ဒေါသမူဒွေး၌ အများဆုံး စေတသိက် ၂၂ ပါး ယှဉ်၏။

ဥပေက္ခာသဟဂုတ် ဝိစိကိစ္ဆာသမ္ပယုတ်စိတ်၌—

ဆန္ဒ ပီတိ အဓိမောက္ခကြဉ် အညသမာန်း ၁၀
အကုသလ သာဓာရဏ ........ ၄
ဝိစိကိစ္ဆာ စေတသိက် ........ ၁=၁၅။

ဥပေက္ခာသဟဂုတ် ဥဒ္ဓစ္စသမ္ပယုတ် စိတ်၌—

ဆန္ဒ ပီတိကြဉ် အညသမာန်း ........ ၁၁
အကုသလ သာဓာရဏ ........ ၄=၁၅။

မှတ်သားရန်။ ။ဤ မောဟမူ ဒွေး၌ စေတသိက် လုံးရေများမှာ ၁၅–ပါးချင်း တူမှုကြ၍ သင်္ဂဟနည်း တပါးသာ ရ၏၊ ဤ မောဟမူ ဒွေး၌ စေတသိက်ပေါင်း ၁၆–ပါး ယှဉ်၏။

လောဘမူ ဒေါသမူ စိတ် ၁၀–ပါး၌—

အညသမာန်း စေတသိက် ........ ၁၃
ဝိစိကိစ္ဆာကြဉ် အကုသိုလ် စေတသိက် ၁၃=၂၆။

လောဘမူ မောဟမူ စိတ် ၁၀ ပါး၌—

ဒေါစတုက်ကြဉ် အကုသိုလ် ........၁၀
အညသမာန်း စေတသိက် ........၁၃=၂၃။

ဒေါသမူ မောဟမူစိတ် ၄—ပါး၌—

လောဘ ဒိဋ္ဌိ မာနကြဉ် အကုသိုလ် ........၁၀
ဝိတိကြဉ် အညသမာန်း စေတသိက် ........၁၂—၂၃။

အမှာ။ ။အဘိဓမ္မာသင်တန်း ပထမဆင့် စာမျက်နှာ (၁၁) ကြောင်းရေ ၅-နှင့် ၆-၌ ဤ စာမျက်နှာ၏ ကြောင်းရေ ၂—နှင့် ၃-အတိုင်းပြင်မှတ်ပါ။

အကုသိုလ်စိတ် ၁၂ပါးလုံး၌—

အကုသိုလ် စေတသိက် ........၁၄
အညသမာန်း စေတသိက် ........၁၃=၂၇။

မှတ်သားရန်။ ။ဒိဋ္ဌိဂတဝိပ္ပယုတ် ၄—၌ မာနသည် ရံခါယှဉ်၊ ရံခါမယှဉ်။ သသင်္ခါရိက ၅-၌ ထိနမိဒ္ဓသည် ရံခါယှဉ်,ရံခါမယှဉ်။ ဒေါသမူ ၂-ခု၌ ဣဿာ မစ္ဆရိယ ကုက္ကုစ္စ သုံးလုံးသည် ရံခါယှဉ်,ရံခါမယှဉ်။ ယှဉ်သော အခါ တလုံးစီသာ ယှဉ်၏၊ တပြိုင်တည်း မယှဉ်။

## အကုသလ သင်္ဂဟနည်း ၇ပါး အချုပ်

ဂျေနဝီသာ ဋ္ဌာရသ, ဝီသေက ဝီသ ဝီသတိ၊
ဒွါဝီသ ပန္နရသေတိ,သတ္တဓာ ကုသလေ ဌိတာ။

| | | | |
|---|---|---|---|
| ဂျေနဝီသ .... | ပ—တ စိတ်၌ | ၁၉—လုံးစီ | တနည်း၊ |
| အဋ္ဌာရသ .... | ပဉ္စမ သတ္တမ၌ | ၁၈—လုံးစီ | တနည်း၊ |
| ဝီသ .... | ဆဋ္ဌမ အဋ္ဌမ၌ | ၂၀—လုံးစီ | တနည်း၊ |
| ဧကဝီသ .... | ဒုတိယ စတုတ္ထ၌ | ၂၁—လုံးစီ | တနည်း၊ |
| ဝီသတိ .... | ဒေါသမူ ပ—၌ | ၂၀—လုံး | တနည်း၊ |
| ဒွါဝီသ .... | ဒေါသမူ ဒု—၌ | ၂၂—လုံး | တနည်း၊ |
| ပန္နရသ .... | မောဟမူ ၂ခု၌ | ၁၅—လုံးစီ | တနည်း၊ |

အကုသိုလ်စိတ် သင်္ဂဟနည်း ၇—ပါး ပြီး၏

## အဟိတ်စိတ် သင်္ဂဟနည်း ၄-ပါး

ဟသိတုပ္ပါဒ် စိတ်၌ ဆန္ဒကြဉ် အညသမာန်း ၁၂၊
ဝုဋ္ဌောစိတ်၌ ဆန္ဒ ပီတိ ကြဉ် ၁၁၊
သုခသန္တီရဏ စိတ်၌ ဆန္ဒ ဝီရိယကြဉ် ၁၁၊
ပဉ္စဒွါရာ ဝဇ္ဇန်း
သမ္ပဋိစ္ဆိုန်နှစ်ခွေး } တို့၌ ဆန်-ဝီ-ပီကြဉ် ၁၀။
ဥ-သန္တီရဏ ၂
ဒွိပဉ္စဝိညာဏ် ၁၀ ၌ သဗ္ဗစိတ္တသာဓာရဏ ၇၊

ဆန္ဒ ပယ်ပစ်၊ တဆဲ့နှစ်၊ ဖြစ်တုံဟသိမှာ၊
ပီ–ဆန် ပယ်ပစ်၊ တဆဲ့တစ်၊ ဖြစ်တုံ မနောဒွါ၊
ဝီ-ဆန် ပယ်ပစ်၊ တဆဲ့တစ်၊ ဖြစ်တုံ သော–တီမှာ၊
ဝီ–ပီ–ဆန်ပယ်၊ ကျန်တဆယ်၊ ငါးသွယ် ကြွင်းဟိတ်မှာ၊
သဗ္ဗစိတ္တ၊ ခုနစ်ရ၊ ပဉ္စဝိညာဏ်မှာ၊

## သင်္ဂဟနည်း ၄–ပါးအချုပ်

ဒွါဒသေကာ ဒသ ဒသ, သတ္တ စာတိ စတုဗ္ဗိဓော၊
အဋ္ဌာရသာ ဟေတုကေသု , စိတ္တုပ္ပါဒေသု သင်္ဂဟော။

ဒွါဒသ ....ဟသိတုပ္ပါဒ် စိတ်၌ ၁၂-ပါးတနည်း၊
ကောဒသ......ဝုဋ္ဌောနှင့်သုခသန္တီရဏ၌ ၁၁-စီ တနည်း၊
ဒသ ....မနောဓာတ်နှင့် ဥ သန္တီရဏ၌ ၁၀-စီ တနည်း။
သတ္တ ......ပဉ္စဝိညာဏ် ၁၀ ၌ ၇–စီ တနည်း။

မှတ်သားရန်။ ။ဝုဋ္ဌောနှင့် သုခသန္တီရဏ စိတ် ၂ မျိုးမှာ စေတသိက် ယှဉ်ချင်း မတူသော်လည်း လုံးရေမှာ ၁၁ လုံးချင်း တူမျှသော ကြောင့် သင်္ဂဟနည်း တပါးသာ ရ၍ ၄-နည်းဖြစ်သည်။

အဟိတ်စိတ် သင်္ဂဟနည်း ၄ ပါး ပြီး၏

## ကာမသောဘဏစိတ်သင်္ဂဟနည်း ၁၂ပါး

## မဟာကုသိုလ်စိတ်

ပ–ခွဲး၌ အညသမာန်း ေစတသိက် ၁၃
သောဘဏ ေစတသိက် ၂၅–၃၀။
ဒု–ခွဲး၌ အညသမာန်း ေစတသိက် ၁၃
ဉာဏ်ကြဉ် သောဘဏ ၂၄–၃၇။
တ–ခွဲး၌ ပီတိကြဉ် အညသမာန်း ၁၂
သောဘဏ ေစတသိက် ၂၅–၃၇။
စ–ခွဲး၌ ပီတိကြဉ် အညသမာန်း ၁၂
ဉာဏ်ကြဉ် သောဘဏ ၂၄–၃၆။

ဆဲ့သုံး အည၊ သောဘဏ၊ ပေါင်းထ သုံးဆဲ့ရှစ်။
ပ–ကု ခွဲးမှာ၊ ယှဉ်တုံပါ၊ ဒု–မှာ၊ ဉာဏ်ကိုပယ်။
ပီ-ပယ် ဉာဏ်ယှဉ်၊ တ–ခွဲးတွင်၊ စ–တွင် ဉာဏ်-ပီ ပယ်။

## မဟာကြိယာစိတ်

ပ-ခွဲး၌ အညသမာန်း ေစတသိက် ၁၃
ဝိရတီကြဉ် သောဘဏ ၂၂=၃၅။
ဒု-ခွဲး၌ အညသမာန်း ေစတသိက် ၁၃
ဝိရတီ-ဉာဏ်ကြဉ် သောဘဏ ၂၁=၃၄။
တ-ခွဲး၌ ပီတိကြဉ် အညသမာန်း ၁၂
ဝိရတီကြဉ် သောဘဏ ၂၂=၃၄။
စ-ခွဲး၌ ပီတိကြဉ် အညသမာန်း ၁၂
ဝိရတီဉာဏ်ကြဉ် သောဘဏ ၂၁= ၃၃။

သုံးဆဲ့ ရှစ်တွင်၊ ဝိရတီကြဉ်၊ ကြိတွင် ကု-နည်းသွား၊

## မဟာဝိပါက်စိတ်

ပ-ဒွေး၌ အညသမာန်း စေတသိက် ၁၃
ဝိရတိ အပ္ပမညာကြဉ် ၂၀=၃၃။
ဒု-ဒွေး၌ အညသမာန်း စေတသိက် ၁၃
ဝိရတိအပ္ပမညာ ဉာဏ်ကြဉ် ၁၉=၃၂။
တ-ဒွေး၌ ပီတိကြဉ် အညသမာန်း ၁၂
ဝိရတိ အပ္ပမညာကြဉ် ၂၀=၃၂။
စ-ဒွေး၌ ပီတိကြဉ် အညသမာန်း ၁၂
ဝိရတိ အပ္ပမညာ ဉာဏ်ကြဉ် ၁၉=၃၁။

သုံးဆံ့ ငါးတွင်၊ မညာကြဉ်၊ ဝိ-တွင် ကြိ-နည်း သွား။

## သင်္ဂဟနည်း ၁၂-ပါး-အချုပ်

| | | | | |
|---|---|---|---|---|
| အဋ္ဌတ္တိံသ | သတ္တတိံသ, | ဒွယံ | ဆတ္တိံသကံ | သုဘေ၊ |
| ၃၈ | ၃၇ | ၃၇ | ၃၆ | ကု-၄နည်း |
| ပဉ္စတ္တိံသ | စတုတ္တိံသ | ဒွယံ, | တေတ္တိံသကံ | ကြိယေ။ |
| ၃၅ | ၃၄ | ၃၄ | ၃၃ | ကြိ-၄နည်း |
| တေတ္တိံသ | ပါကေ | ဗာတ္တိံသ, | ဒွယေကတိံသကံ | ဘဝေ |
| ၃၃ | ၃၂ | ၃၂ | ၃၁ | ဝိ-၄နည်း။ |

ကာမသောဘဏစိတ် သင်္ဂဟနည်း ၁၂-ပါး ပြီး၏

---

## မဟဂ္ဂုတ်စိတ်သင်္ဂဟနည်း ၅-ပါး

ပ-ဈာန် ၃-၌ အညသမာန်း စေတသိက် ၁၃
ဝိရတိကြဉ် သောဘဏ ၂၂=၃၅
ဒု-ဈာန် ၃-၌ ဝိတက်ကြဉ် အညသမာန်း ၁၂
ဝိရတိကြဉ် သောဘဏ ၂၂=၃၄

| | | |
|---|---|---|
| တ-ချာန် ၃-၌ | ဝိတက် ဝိစာရကြဉ် | ၁၁ |
| | ဝိရတိကြဉ် သောဘဏ | ၂၂=၃၃။ |
| စ-ချာန် ၃-၌ | ဝိတက်၊ ဝိစာရ ပီတိကြဉ် | ၁၀ |
| | ဝိရတိကြဉ် သောဘဏ | ၂၂=၃၂။ |
| မ-ချာန် ၃-၌ | ဝိတက် ဝိစာရ ပီတိကြဉ် | ၁၀ |
| | ဝိရတိ အပ္ပမညာကြဉ် | ၂၀=၃၀။ |
| အရူပစိတ် ၁၂-၌ | ဝိတက် ဝိစာရ ပီတိကြဉ် | ၁၀ |
| | ဝိရတိ အပ္ပမညာကြဉ် | ၂၀=၃၀။ |

## သင်္ဂဟနည်း ၅-ပါး အချုပ်

| | | | |
|---|---|---|---|
| ပဌမ်တိံသ .... | ပ-ချာန် ၌ | ၃၅-ပါး | တနည်း၊ |
| စတုတ္တိံသ .... | ဒု-ချာန် ၌ | ၃၄-ပါး | တနည်း၊ |
| တေတ္တိံသစ ယထာက္ကမံ | တ-ချာန်၌ | ၃၃-ပါး | တနည်း၊ |
| ဗာတ္တိံသ စေဝ ..... | စ-ချာန် ၌ | ၃၂-ပါး | တနည်း၊ |
| တိံသေတိ ....... | မ-ချာန် ၌ | ၃၀-ပါး | တနည်း၊ |

ပဉ္စဓာဝ မဟဂ္ဂတေ မဟဂ္ဂုတ်၌ သင်္ဂဟနည်း ပေါင်း ၅-ပါး။

မဟဂ္ဂုတ် သင်္ဂဟနည်း ၅-ပါး ပြီး၏

---

## လောကုတ္တရာစိတ် သင်္ဂဟနည်း ၅-ပါး

| | | |
|---|---|---|
| ပ-ချာန် ၈-၌ | အညသမာန်း စေတသိက် | ၁၃ |
| | အပ္ပမညာကြဉ် သောဘဏ | ၂၃=၃၆ |
| ဒု-ချာန် ၈-၌ | ဝိတက်ကြဉ် အညသမာန်း | ၁၂ |
| | အပ္ပမညာကြဉ် သောဘဏ | ၂၃=၃၅ |
| တ-ချာန် ၈-၌ | ဝိတက် နှင့် ဝိစာရကြဉ် | ၁၁ |
| | အပ္ပမညာကြဉ် သောဘဏ | ၂၃=၃၄ |

စ-ချာန် ၈-၌ ဝိတက် ဝိစာရ ပီတိကြဉ် ၁၀
အပ္ပမညာကြဉ် သောဘဏ ၂၃=၃၃
မ—ချာန် ၈-၌ ဝိတက် ဝိစာရ ပီတိကြဉ် ၁၀
အပ္ပမညာကြဉ် သောဘဏ ၂၃=၃၃

## သင်္ဂဟနည်း ၅—ပါး အချုပ်

| | | | |
|---|---|---|---|
| ဆတ္တိံသ ..... | ပ-ချာန်၌ | ၃၆-ပါး | တနည်း၊ |
| ပဉ္စတ္တိံသ ....... | ဒု-ချာန်၌ | ၃၅-ပါး | တနည်း၊ |
| စတုတ္တိံသယထာက္ကမံ | တ-ချာန်၌ | ၃၄-ပါး | တနည်း၊ |
| တေတ္တိံသ ....... | စ-ချာန်၌ | ၃၃-ပါ | တနည်း၊ |
| ဒွယမိနေ့ဝံ ....... | မ-ချာန်၌ | ၃၃-ပါ | တနည်း၊ |

ပဉ္စဓာ နုတ္တရေ ဌိတာ လောကုတ္တရာ၌ သင်္ဂဟ ၅—နည်း။

မှတ်သားရန်။ ။လောကုတ္တရာစိတ် အကျဉ်း ၈-ပါးတွင် ဘယ်စိတ် မဆို စေတသိက် ၃၆—ပါးစီချည်း ယှဉ်၏၊ အကျယ်ခွဲဝေမှသာ ချာန်အားလျော်စွာ ၃၆၊ ၃၅ စသည်ယှဉ်၏၊ထို့ကြောင့် လောကုတ္တရာ သင်္ဂဟနည်း ကွဲပြား ခြားနားအောင် ချာန်တရားက အထူးပြုပေးသည်၊

လောကုတ္တရာ သင်္ဂဟနည်းပြီး၏

**စိတ္တေသု သမ မုဒ္ဓိသေ အရ။** ။ဗသသ သည် စိတ်အကျဉ်း ၈၉, အကျယ်၁၂၁ ပါးနှင့်ယှဉ်သော ကြောင့် ဗသသလုံးရေ အကျဉ်း ၈၉ အကျယ် ၁၂၁ ဖြစ်၏၊ ထို့တူဝေဒနာ သညာ စသည်တို့၏ လုံးရေကို လည်း ဤအတိုင်း ရေတွက် ယူရာ၏၊ ထို့အတူ ဝိတက် လုံးရေ ၅၅၊ ဝိစာရ လုံးရေ ၆၆၊ ပညာ စေတသိက်လုံးရေ ၄၇ ဟု ရေတွက်ယူလေ။

သင်္ဂဟနည်း ၃၃-ပါးပြီး၏

**စေတသိက်ပိုင်းပြီး၏**

# ပကိဏ်းပိုင်း

## အနုသန္ဓေ နှင့် ခေါင်းစဉ်

သမ္ပယုတ္တာ ယထာယောဂံ, တေပညာသ သဘာဝတော။
စိတ္တ စေတသိကာ ဓမ္မာ, တေသံ ဒါနိ ယထာရဟံ။
ဝေဒနာ ဟေတုတော ကိစ္စ, ဒွါရာ လမ္ဗဏ ဝတ္ထုတော၊
စိတ္တုပ္ပါဒ ဝသေ နေဝ, သင်္ဂဟော နာမ နီယတေ။

သင်္ဂဟနည်း ၆-မျိုး

| | |
|---|---|
| ၁။ ဝေဒနာသင်္ဂဟ | ၄။ ဒွါရသင်္ဂဟ |
| ၂။ ဟေတုသင်္ဂဟ | ၅။ အာရမ္မဏသင်္ဂဟ |
| ၃။ ကိစ္စသင်္ဂဟ | ၆။ ဝတ္ထုသင်္ဂဟ |

### ၁ ။ ဝေဒနာသင်္ဂဟ

အနုဘဝနဘေဒ—
သုခဝေဒနာ
ဒုက္ခဝေဒနာ
အဒုက္ခမသုခဝေဒနာ = ၃-ပါး။

ဣန္ဒြိယဘေဒ—
သုခဝေဒနာ
ဒုက္ခဝေဒနာ
သောမနဿဝေဒနာ
ဒေါမနဿဝေဒနာ
ဥပေက္ခာဝေဒနာ — ၅-ပါး။

သုခဝေဒနာနှင့် တကွဖြစ်သော စိတ်ကား—

သုခသဟဂုတ် ကာယဝိညာဏ်စိတ် တပါးတည်း။

ဒုက္ခဝေဒနာနှင့် တကွဖြစ်သော စိတ်ကား—

ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ် တပါးတည်း။

သောမနဿဝေဒနာနှင့် တကွဖြစ်သောစိတ်ကား—

လောဘမူ သောမနဿ သဟဂုတ် စိတ် ........ ၄
သောမနဿသန္တီရဏစိတ် ........ ၁
ဟသိတုပ္ပါဒ်စိတ် ........ ၁
မဟာကုသိုလ် သောမနဿ သဟဂုတ်စိတ် ........ ၄
မဟာဝိပါက် သောမနဿ သဟဂုတ်စိတ် ........ ၄
မဟာကြိယာ သောမနဿ သဟဂုတ်စိတ် ........ ၄
ပထမဈာန် ×× စတုတ္ထဈာန်စိတ် ၁၁–စီ ........ ၄၄

ပေါင်း ၆၂–ပါးတည်း၊

ဒေါမနဿဝေဒနာနှင့် တကွဖြစ်သော စိတ်ကား—

ဒေါသမူစိတ် ၂–ပါးတည်း။

ဥပေက္ခာဝေဒနာနှင့် တကွဖြစ်သော စိတ်ကား—

အကုသိုလ် ဥပေက္ခာ သဟဂုတ်စိတ် ........ ၆
အဟိတ် ဥပေက္ခာ သဟဂုတ်စိတ် ........ ၁၄
မဟာကုသိုလ် ဥပေက္ခာ သဟဂုတ်စိတ် ........ ၄
မဟာဝိပါက် ဥပေက္ခာ သဟဂုတ်စိတ် ........ ၄
မဟာကြိယာ ဥပေက္ခာ သဟဂုတ်စိတ် ........ ၄
ပဉ္စမ ဈာန်စိတ် ........ ၂၃

ပေါင်း ၅၅–ပါးတည်း၊

သုခံ ဓမ္မကဿ ဒုက္ခဥ္စ, ဒေါမနဿံ ဥပေ ဋ္ဌိတံ၊
ဥါသင္ဗိသု သောမနဿံ, ပဥ္စ ပဉ္စာသကေတရာ။

သုခဝေဒနာနှင့် တကွဖြစ်သောစိတ် ........ ၁ (၆)
ဒုက္ခဝေဒနာနှင့် တကွဖြစ်သောစိတ် ........ ၁ (၆)
ဒေါ-ဝေဒနာနှင့် တကွဖြစ်သောစိတ် ........ ၂၊ ၂၁)
သော-ဝေဒနာနှင့် တကွဖြစ်သောစိတ် ........ ၆၂ (၄၆)
ဥ-ဝေဒနာနှင့် တကွဖြစ်သောစိတ် ........ ၅၅ (၄၆)

ဝေဒနာ ဇာစ်၊ ခြောက်ပါး ဖြစ်၏၊ နှစ်မှာ ငှစိ၊ သုံးလီ ဆံ့တစ်၊ငါးဖြစ် ခြောက်ခု၊ မ-တခု၊ ပေါင်းစုငါးဆံ့နှစ်။

မှတ်သားရန်။ ။ဤ( )လက်သကာအတွင်း၌ရှိသော (၆) (၂၁) စသော နောက် ဂဏန်းများကား စေတသိက်ပယှဉ်ကို ပြ၏။

ဝေဒနာသင်္ဂဟ ပြီး၏

---

## ၂။ ဟေတုသင်္ဂဟ

လောဘ ဒေါသ မောဟ
အလောဘ အဒေါသ အမောဟ

ပေါင်း ဟိတ် ၆-ပါး

ဟိတ်နှင့်မယှဉ်သော အဟိတ် စိတ်စုကား—

ပဉ္စဒွါရာဝဇ္ဇန်း ........ ၁
ဒွိပဉ္စဝိညာဏ် ........ ၁၀
သမ္ပဋိစ္ဆိုန်း ........ ၂
သန္တီရဏ ........ ၃
ဝုဋ္ဌော ........ ၁
ဟသိတုပ္ပါဒ် ........ ၁

ပေါင်း ၁၈-ပါး၊

ဟိတ်နှင့် ယှဉ်သော သဟိတ်စိတ်ကား–

အကုသိုလ်စိတ် ........ ၁၂
ကာမသောဘဏစိတ် ........ ၂၄
ရူပါဝစရစိတ် ........ ၁၅
အရူပါဝစရစိတ် ........ ၁၂
လောကုတ္တရာစိတ် ........ ၈

ပေါင်း ၇၁–ပါး

ဟိတ် ၁–ပါးနှင့်ယှဉ်သော ဧကဟိတ် စိတ်ကား–

မောဟမူစိတ် ၂ပါးတည်း။

ဟိတ် ၂ပါးနှင့် ယှဉ်သော ဒွိဟိတ်စိတ်ကား–

လောဘမူစိတ် ........ ၈
ဒေါသမူစိတ် ........ ၂
မဟာကုသိုလ် ဉာဏဝိပ္ပယုတ် ........ ၄
မဟာဝိပါက် ဉာဏဝိပ္ပယုတ် ........ ၄
မဟာကြိယာ ဉာဏဝိပ္ပယုတ် ........ ၄

ပေါင်း ၂၂–ပါး

ဟိတ် ၃–ပါးနှင့် ယှဉ်သော တိဟိတ်စိတ်ကား–

မဟာကုသိုလ် ဉာဏသမ္ပယုတ် ........ ၄
မဟာဝိပါက် ဉာဏသမ္ပယုတ် ........ ၄
မဟာကြိယာ ဉာဏသမ္ပယုတ် ........ ၄
မဟဂ္ဂုတ်စိတ် ........ ၂၇
လောကုတ္တရာစိတ် အကျဉ်း ........ ၈

ပေါင်း ၄၇–ပါး

အဟေတုကာ ဌာရသေက, ဟေတုကာ ဒွေ ဒွါဒိသတ္တိ၊
ဒွိဟေတုကာ မတာ သတ္တ, စတ္တာလီသ တိဟေတုကာ။

| | | | |
|---|---|---|---|
| အဟိတ်စိတ် | ........ | ၁၈ | (၁၃) |
| ဧကဟိတ်စိတ် | ........ | ၂ | (၂၀) |
| ဒွိဟိတ်စိတ် | ........ | ၂၂ | (၄၈) |
| တိဟိတ်စိတ် | ........ | ၄၇ | (၃၅) |

အဟိတ် တေရ၊ ဧက နှစ်ဆယ်၊
ဒွိဝယ် ၄၈ စိတ်၊ တိဟိတ် မှတ်၊ ရလတ် သုံးဆဲ့ငါး၊
မှတ်သားရန်။ ။ဤ( )လက္ခဏာ အတွင်းရှိ(၁၃) (၂၀) စသော
နောက် ဂဏန်းများကား စေတသိက်ယှဉ်ကိုပြ၏။

ဟေတုသင်္ဂဟ ပြီး၏

## ၃။ ကိစ္စသင်္ဂဟ

| | | |
|---|---|---|
| ၁။ | ပဋိသန္ဓိကိစ္စ | ဘဝနှစ်ရပ် ဆက်စပ်မှု |
| ၂။ | ဘဝင်ကိစ္စ | ဘဝ၏အကြောင်း(ဆက်မှု) |
| ၃။ | အာဝဇ္ဇန်းကိစ္စ | ဆင်ခြင်မှု |
| ၄။ | ဒဿန ကိစ္စ | မြင်မှု |
| ၅။ | သဝနကိစ္စ | ကြားမှု |
| ၆။ | ဃာယနကိစ္စ | နမ်းရှူမှု |
| ၇။ | သာယနကိစ္စ | လျက်မှုသာယာမှု |
| ၈။ | ဖုသနကိစ္စ | တွေ့ထိမှု |
| ၉။ | သမ္ပဋိစ္ဆန္နကိစ္စ | လက်ခံသိမ်းပိုက်မှု |
| ၁၀။ | သန္တီရဏကိစ္စ | ဆုံစမ်း စစ်ဆေးမှု |
| ၁၁။ | ဝုဋ္ဌောကိစ္စ | ပိုင်းခြားသတ်မှတ်ဆုံးဖြတ်မှု |
| ၁၂။ | ဇောကိစ္စ | အဟုန်ဖြင့်အာရုံခံစားမှု |

၁၃။ တဒါရုံကိစ္စ ဇောနောက်လိုက်၍အာရုံခံမှု
၁၄။ စုတိကိစ္စ ဖြစ်ရိုးဘဝမှရွေ့လျောမှု

ပေါင်း ကိစ္စ ၁၄–ပါး

၁။ ပဋိသန္ဓေဌာန
၂။ ဘဝင်ဌာန
၃။ အာဝဇ္ဇန်းဌာန
၄။ ပဉ္စဝိညာဏ်ဌာန
၅။ သမ္ပဋိစ္ဆန်းဌာန
၆။ သန္တီရဏဌာန
၇။ ဝုဋ္ဌောဌာန
၈။ ဇောဌာန
၉။ တဒါရုံဌာန
၁၀။ စုတိဌာန

ပေါင်း ဌာန ၁၀–ပါး

ပဋိသန္ဓိ၊ စသည်စပ်မှု၊ လုပ်ငန်းရ၊ ခေါ်မှုကိစ္စသာ။
ရှေ့နောက် စိစ္စ၊ ကြားကာလ၊ မှတ်ကြဌာနသာ။
(လုပ်ငန်းသည် ကိစ္စ၊ ပြုလုပ်ရာ အချိန်ကာလသည် ဌာနမည်၏)

ပဋိသန္ဓေ ဘဝင် စုတိ ကိစ္စတပ်သောစိတ်များကား–

ဥပေက္ခာ သန္တီရဏစိတ် ........ ၂
မဟာဝိပါက်စိတ် ........ ၈
မဟဂ္ဂုတ်ဝိပါက်စိတ် ........ ၉–၁၉။

အာဝဇ္ဇန်း ကိစ္စ တပ်သော စိတ်ကား–

ပဉ္စဒွါရာဝဇ္ဇန်းစိတ် ........ ၁
မနောဒွါရာဝဇ္ဇန်းစိတ် ........ ၁–၂
စက္ခုဝိညာဏ်ခွေးသည် ဒဿနကိစ္စ တပ်၏၊
သောတဝိညာဏ်ခွေးသည် သဝနကိစ္စ တပ်၏၊
ဃာနဝိညာဏ်ခွေးသည် ဃာယနကိစ္စ တပ်၏၊
ဇိဝှါဝိညာဏ်ခွေးသည် သာယနကိစ္စ တပ်၏၊

ကာယဝိညာဏ်ခွေးသည်  ဖုဿနကိစ္စ  တပ်၏၊
သမ္ပဋိစ္ဆိုနဲ့ခွေးသည်  သမ္ပဋိစ္ဆနကိစ္စ  တပ်၏၊
သန္တီရဏသုံးခုသည်  သန္တီရဏကိစ္စ  တပ်၏၊
မနောဒွါရာဝဇ္ဇန်းသည်  ဝုဋ္ဌောကိစ္စ  တပ်၏။

ဇောကိစ္စ တပ်သော စိတ်များကား-

| | | | |
|---|---|---|---|
| အကုသိုလ်စိတ် | ........ | ........ | ၁၂ |
| ကုသိုလ်စိတ် | ........ | ........ | ၂၁ |
| အာဝဇ္ဇန်းခွေးကြည် ကြိယာ | | ........ | ၁၈ |
| ဖိုလ်စိတ် | ........ | ........ | -၄။ |

တဒါရုံကိစ္စ တပ်သော စိတ်များကား-

| | | |
|---|---|---|
| မဟာဝိပါက်စိတ် | ........ | ၈ |
| သန္တီရဏစိတ် | ........ | ၃ - ၁၁ |

**စိတ်တခု၏မဆောင်ရွက်နိုင်သမျှကိစ္စအဝဝမှာ-**

ဥပေက္ခာ သဟဂုတ် သန္တီရဏစိတ် ၂—ခုသည်=
ပဋိသန္ဓေ ကိစ္စ ဘဝင် ကိစ္စ စုတိ ကိစ္စ
သန္တီရဏကိစ္စ တဒါရုံကိစ္စအားဖြင့် ၅—ကိစ္စတပ်၏။

မဟာဝိပါက်စိတ် ၈—ခုသည်—
ပဋိသန္ဓေကိစ္စ ဘဝင် ကိစ္စ စုတိ ကိစ္စ
တဒါရုံကိစ္စအားဖြင့် ၄—ကိစ္စ တပ်၏။

မဟဂ္ဂုတ်ဝိပါက် ၉—ခုသည်—
ပဋိသန္ဓေကိစ္စ ဘဝင် ကိစ္စ စုတိကိစ္စအားဖြင့်
၃—ကိစ္စတပ်၏။

သောမနဿ သန္တီရဏ စိတ်သည်—

သန္တီရဏကိစ္စ တဒါရုံကိစ္စအားဖြင့် ၂—ကိစ္စတပ်၏။

မနောဒွါရာ ဝဇ္ဇန်း စိတ်သည်—

ဝုဋ္ဌောကိစ္စ အာဝဇ္ဇန်း ကိစ္စအားဖြင့် ၂-ကိစ္စတပ်၏။

တကိစ္စသာ တပ်သောစိတ် ၆၈—ပါးကား—

ဇော ၅၅-သည် ဇော ကိစ္စ တခုသာ တပ်၏။
သမ္ပဋိစ္ဆိုန်း ဒွေးသည် သမ္ပဋိစ္ဆိုန်း ကိစ္စသာ တပ်၏၊
ပဉ္စဒွါရာဝဇ္ဇန်းသည် အာဝဇ္ဇန်း ကိစ္စသာ တပ်၏၊
စက္ခုဝိညာဏ်ဒွေးသည် ဒဿန ကိစ္စသာ တပ်၏၊
သောတဝိညာဏ် ဒွေးသည် သဝန ကိစ္စသာ တပ်၏၊
ဃာနဝိညာဏ် ဒွေးသည် ဃာယန ကိစ္စသာ တပ်၏၊
ဇိဝှါဝိညာဏ် ဒွေးသည် သာယန ကိစ္စသာ တပ်၏၊
ကာယဝိညာဏ်ဒွေးသည် ဖုသန ကိစ္စသာ တပ်၏၊

အဋ္ဌသဋ္ဌိ တထာ ဒွေစ, နဝဋ္ဌ ဒွေ ယထာက္ကမံ၊
ဧကဒွိ တိ စတု ပဉ္စ, ကိစ္စဋ္ဌာနာနိ နိဒ္ဒိသေ။
ကိစ္စဋ္ဌာန ဧက ဒွိ တိ စတု ပဉ္စ
စိတ္တ ပေ ဒ အဋ္ဌသဋ္ဌိ ဒွေ နဝ အဋ္ဌ ဒွေ

အဋ္ဌသဋ္ဌိ- တကိစ္စ တပ်သောစိတ် ၆၈—ပါးကား

| | | |
|---|---|---|
| ဇောကိစ္စ တပ်သောစိတ် | ...... | ၅၅ |
| မနောဓာတ် | ...... | ၃ |
| ပဉ္စဝိညာဏ် | ...... | ၁၀=၆၈။ |

ဒွေ=၂-ကိစ္စ တပ်သောစိတ် ၂—ပါးကား—

| | | |
|---|---|---|
| သောမနဿ သန္တီရဏ | ...... | ၁ |
| မနောဒွါရာဝဇ္ဇန်း | ...... | ၁=၂။ |

နဝ= ၃–ကိုးမွ တပ်သောစိတ် ၉–ပါးကား–

မဟာဂ္ဂုတ် ဝိပါက်စိတ် -၉ပါးတည်း။

အဋ္ဌ=၄-ကိုးမွ တပ်သောစိတ် ၈–ပါးကား–

မဟာဝိပါက်စိတ် ၈-ပါးတည်း။

ဒွေ= ၅–ကိုးမွ တပ်သောစိတ် ၂–ပါးကား–

ဥပေက္ခာသဟဂုတ် သန္တီရဏ ၂=ပါးတည်း။

## စေတသိက် နှင့် ကိစ္စ

တကိစ္စဖြစ်၊ ဆဲ့ခုနစ်တည်း၊ လေးဖြစ် နှစ်ပါး၊ငါး ကေဝီ၊ ခြောက်လီမှာ တစ်၊ခွန်ပေသည်း တစ်ပင်၊ကိုး ဖြစ်ကား တေး၊ ဆဲ့လေး ခွန်ရှပ်၊ကိစ္စတပ်သည်၊ ပေါင်းအပ် ငွိပညာသတည်း။

## ဇော အမျိုးမျိုး မှတ်ရန်

ဇောသည် အကျဉ်း ၅၅၊ အကျယ် ၈၇ ရှိ၏၊

လောကုတ္တရာဇော ၈–ပါးက အကျယ် ၄၀ ဖြစ်သောမည်။

| | | | |
|---|---|---|---|
| ဇာတိဘေဒ– | အကုသိုလ်ဇော | .... | ၁၂ |
| | ကုသိုလ်ဇော | .... | ၂၁ |
| | ဝိပါက်ဇော (ဖိုလ်စိတ်) | ....... | ၄ |
| | ကြိယာဇော | .... | ၁၈=၅၅။ |
| ဘူမိဘေဒ– | ကာမဇော | ...... | ၂၉ |
| | ရူပဇော | ...... | ၁၀ |
| | အရူပဇော | ...... | ၈ |
| | လောကုတ္တရာ | ...... | ၈=၅၅။ |
| တနည်း– | ကာမဇော | .... | ၂၉ |
| | အပ္ပနာဇော | ....... | ၂၆=၅၅။ |

ဒေနာဓာတ— သော—ဇော ...... ၅၃
ဃ—ဇော ..... ၃၂
ဒေါ်—ဇော ..... ၂=၈၇။

ဤ ဝေဒနာ ဘေဒ၌ ဇောကို အကျယ် ရေတွက်ယူရ၏။

သမ္ပယောဂ= သမ္ပယုတ်ဇော .... ၄၂
ဝိပ္ပယုတ်ဇော .... ၁၃=၅၅။

အဓိပတိ— မောဟမူဇော ...... ၂
ဟသိတုပ္ပါဒ်ဇော .... ၁
အဓိပတိ ကင်းသော နိရာဓိ ပတိဇော=၃။

ဂျန်ဇော ၅၂—ပါးကား သာဓိ ပတိဇောတည်း။

ကိစ္စသင်္ဂြိုဟ်ပြီး၏

---

## ၄။ ဒွါရသင်္ဂြိုဟ်

စက္ခုဒွါရ သောတဒွါရ ဃာနဒွါရ
ဇိဝှါဒွါရ ကာယဒွါရ မနောဒွါရ။

ဒွါရ ၆—ပါး

စက္ခု အကြည်ဓာတ် ရုပ်သည် စက္ခုဒွါရ၊
သောတ အကြည်ဓာတ် ရုပ်သည် သောတဒွါရ၊
ဃာန အကြည်ဓာတ် ရုပ်သည် ဃာနဒွါရ၊
ဇိဝှါ အကြည်ဓာတ် ရုပ်သည် ဇိဝှါဒွါရ၊
ကာယ အကြည်ဓာတ် ရုပ်သည် ကာယဒွါရ၊
ဘဝင်္ဂပြဒ္ဒေ အကြည်ဓာတ် ၁၉ သည်မနောဒွါရ။

စက္ခု စသည်၊ ဘိတ်ဘိတ်လည်၊ အကြည် ရုပ်တို့သာ၊
မနောဟူသည်၊ ဘိတ်ဘိတ်လည်၊ အကြည် နာမ်တို့သာ၊
ဘဝင် ဆဲ့ကိုး၊ စိတ် အမျိုး၊ ခေါ်ရိုး မနောဒွါ။

## စက္ခုဒွါရ၌ ဖြစ်သော စိတ်ကား

| | | | |
|---|---|---|---|
| ပဉ္စဒွါရာဝဇ္ဇန်း | ၁ ၊ | စက္ခုဝိညာဏ်ခွေး | ၂၊ |
| သမ္ပဋိစ္ဆိုန်းခွေး | ၂ ၊ | သန္တီရဏ | ၃၊ |
| ဝုဋ္ဌော | ၁ ၊ | ကာမဇော | ၂၉၊ |

တဒါရုံ မဟာဝိပါက် ၈=ပေါင်း ၄၆ ပါးတည်း။

စက္ခုဒွါရောက်၊ လေးဆဲ့ခြောက်၊ ယူကောက် စိတ်အရ၊
သောတ စသည်၊ ဒွါလေးလီ၊ ထုံးမှီ ရှုနည်းပြ။

မှတ်သားရန်။ ။စက္ခုဒွါရိက။ ။စက္ခုဒွါရေ—စက္ခုဒွါရ၌ ပဝတ္တံ ဖြစ်သော စိတ်သည်၊ စက္ခုဒွါရိကံ၊ စက္ခုဒွါရိကစိတ် မည်၏။ စက္ခုဝိညာဏ် အမှူးရှိသော စက္ခုဒွါရ၌ ဖြစ်သည့် စိတ် ၄၆—ပါးကို ကောက်ရ၏၊ သောတဒွါရိကစိတ် စသည်လည်း နည်းတူပင်။

သောတဝိညာဏ်ခွေးထည့် သောတဒွါရိကစိတ် ၄၆၊
ဃာနဝိညာဏ်ခွေးထည့် ဃာနဒွါရိကစိတ် ၄၆၊
ဇိဝှါဝိညာဏ်ခွေးထည့် ဇိဝှါဒွါရိကစိတ် ၄၆၊
ကာယဝိညာဏ်ခွေးထည့် ကာယဒွါရိကစိတ် ၄၆၊

မှတ်သားရန်။ ။ဤငါးဒွါရ၌ ပဉ္စဒွါရာဝဇ္ဇန်း ၁၊ သမ္ပဋိစ္ဆိုန်း ၂၊ သန္တီရဏ ၃၊ ဝုဋ္ဌော ၁၊ ကာမဇော ၂၉၊ တဒါရုံ မဟာဝိပါက် ၈ ပေါင်း ဤ ၄၄ ပါးသော စိတ်နှင့် ဒွိပဉ္စဝိညာဏ် ၁၀ ကို ပေါင်းလျှင် ကာမစိတ် ၅၄ ပါးဖြစ်သည်။

## မနောဒွါရ၌ဖြစ်သောစိတ်ကား—

မနောဒွါရာဝဇ္ဇန်း ၁၊ ဇောစိတ် ၅၅၊
တဒါရုံစိတ် ၁၁= ပေါင်း ၆၇ ပါးတည်း။

ခြောက်ဆံ့ခွန်သာ၊ မနောဒွါ၊ သင်္ချာ စိတ်ရေရ။

ဧကဒွါရိက စိတ္တာနိ, ပဉ္စ ဆ ဒွါရိကာနိ စ၊
ဆဒွါရိက ဝိမုတ္တာနိ, ဝိမုတ္တာနိ စ သဗ္ဗထာ။
ဆတ္တိံသတိ တထာ တီဏိ, ဧကတ္တိံသ ယထာက္ကမံ၊
ဒသဓာ နဝဓာ စေတိ, ပဉ္စဓာ တဏ္ဍ သင်္ဂဟော။

ဧကဒွါရိက စိတ္တာနိ ဆတ္တိံသတိ—

ဒွေးပဉ္စဝိညာဏ် (ပဉ္စဒွါရအသီးသီး၌) ၁၀
အပ္ပနာဇော ဆဗ္ဗီသ (မနောဒွါရ၌သာ) ၂၆ = ၃၆

ပဉ္စဝိညာဉ်၊ ကိုယ်စီ ယှဉ်၊ ငါးအင် ဒွါရမှာ၊
ဇော အပ္ပနာ၊ ဆဗ္ဗီသာ၊ မှန်စွာ မနောဒွါ။

ပဉ္စဒွါရိက စိတ္တာနိ=တီဏိ-

မနောဓာတ် ၃—ခုသည် ငါးဒွါရ၌ဖြစ်၏။

မနောဓာတ် ခေါ်၊ စိတ်မနော်၊ ငါးဘော် ဒွါရဖြစ်။
တဒွါရ ရောက်၊ သုံးဆံ့ခြောက်၊ ငါးရောက် မနောသုံး။

ဆဒွါရိကာနိ=ဧကတ္တိံသ-

သောမနဿသန္တီရဏ ၁၊ ဝုဋ္ဌောစိတ် ၁၊
ကာမဇော ၂၉=ပေါင်း ၃၁-ပါးတည်း။

ဆန္ဒါရ ကာဒါဝိဝိမုတ္တ=ဒသဓာ—

ဥပေက္ခာသဟဂုတ်ရဏာ : ၂
မဟာဝိပါက်စိတ် ၈—ပေါင်း၁၀ တည်း။

မနောဒွါရာ၊တီသုံးဖြာ၊ မဟာဝိပါက်ရှစ်၊
နှစ်ဆဲ့ ကိုးမျှ၊ဇောကာမ၊ဒွါရ ခြောက်ပါးဖြစ်၊
ခြောက်ဒွါရ ဖြစ်၊ သုံးဆဲ့တစ်၊ လွှတ်ဖြစ် တဆယ်နှုန်း။

မှတ်သားရန်။ ။ခြောက်ဒွါရ၌ အမြဲ ဖြစ်သောစိတ် ၃၁၊ လွတ်ဖြစ်စိတ်ကား ၁၁၊ပေါင်း ခြောက်ဒွါရ၌ ဖြစ်သောစိတ်မှာ ၄၁-ပါးဖြစ်၏။

ဝိမုတ္တာနိ စ သဗ္ဗထာ—နဝဓာ-

မဟာဂ္ဂုတ်ဝိပါက် ၉-သည် ၆-ဒွါရမှ အမြဲလွှတ်၏။

မဟဂ္ဂုတ်ဝိပါ၊ ကိုးခုမှာ၊ ခြောက်ဒွါလွှတ်မြဲထုံး၊
ဆဲ့ကိုးပဋိသန်၊စိတ်အမှန်၊ကောန်ဒွါရလွှတ်။

မှတ်သားရန်။ ။ခြောက်ဒွါရမှ အမြဲလွှတ် ၉-နှင့် လွှတ်ဖြစ် ၁၀ ပေါင်း ပဋိသန္ဓေ ၁၉—ပါးသည် ခြောက်ဒွါရမှ လွှတ်ကြသည်။

| | | | |
|---|---|---|---|
| ဧကဒွါရိက | စိတ္တ | .... | ၃၆ |
| ပဉ္စဒွါရိက | စိတ္တ | .... | ၃ |
| ဆဒွါရိက | စိတ္တ | .... | ၃၁ |
| ကာဒါဝိဝိမုတ္တ | စိတ္တ | .... | ၁၀ |
| သဗ္ဗထာဝိမုတ္တ | စိတ္တ | .... | ၉ |

## ဘုံ နှင့် ဒွါရ အရ

ကာမဘုံ၌ ........ ဒွါရ ၆—ပါးလုံး ရအပ်၏၊
ရူပဘုံ၌ ........စက်- သော—မန ၃—ဒွါရရအပ်၏၊
အရူပဘုံ၌ ........မနောဒွါရ တပါးကိုသာ ရအပ်၏၊
အသညသတ်၌— ဒွါရ တပါးမှ မရအပ်။

ကာမ ခြောက်စုံ၊ ရူဘုံ သုံးဖြစ်၊ အရူ တစ်၊ မဖြစ် အသညတ်၊

ပဉ္စဒွါရဇ္ဈသာ ဖြစ်သော စိတ်ကား—

ပဉ္စဝိညာ၊ မနောဓာ၊ ပဉ္စာ ဒွါရ စစ်၊
ပဉ္စဝိညာဏ် နှင့် မနောဓာတ် သုံးပါးသည် ပဉ္စာရုံကိုသာ အမြဲတမ်း အာရုံ ပြုသောကြောင့် ပဉ္စဒွါရဇ္ဈသာ အမြဲ ဖြစ်၏။

မနောဒွါရဇ္ဈသာ ဖြစ်သော စိတ်ကား—

အပ္ပနာဇော၊ဆဝ္ဗိသော၊ မနောဒွါရ စစ်၊
အပ္ပနာဇော ဆဝ္ဗိသသည် ဓမ္မာရုံကိုသာ အမြဲ အာရုံ ပြု၍ ပဉ္စာရုံကို အာရုံ မပြုသောကြောင့် မနောဒွါရဇ္ဈသာ ဖြစ်၏။

အမြဲတမ်း ၆—ဒွါရမှ လွတ်သော စိတ်ကား—

မဟဂ္ဂုတ် ဝိပါ၊ ကိုးခုမှာ၊ ခြောက်ဒွါ လွတ်မြဲလုံး၊
မဟဂ္ဂုတ် ဝိပါက်စိတ် ၉—ပါးမှာ ပဋိသန္ဓေ ဘဝင် စုတိ ကိစ္စ တခုခုကို အမြဲ ဆောင်ရွက် ရသောကြောင့် ဒွါရဝိမုတ် ဖြစ်၏။

လွတ်—ဖြစ် တဆယ်မှာ—

ကာမသုဂတိပဋိသန္ဓေ ၁၀—သည်—
ပဋိသန္ဓေ ဘဝင် စုတိကိစ္စ တပ်ခိုက် ၆—ဒွါရမှ လွတ်၏၊
သန္တီရဏကိစ္စ တဒါရုံကိစ္စ တပ်ခိုက် ၆-ဒွါရ၌ ဖြစ်ပြန်၏။

ဒွါရသင်္ဂြိုဟ် ပြီး၏

---

## ၅။ အာရမ္မဏသင်္ဂဟ

| | | |
|---|---|---|
| ရူပါရုံ | သဒ္ဒါရုံ | ဂန္ဓာရုံ |
| ရသာရုံ | ဖောဋ္ဌဗ္ဗာရုံ | ဓမ္မာရုံ |

အာရုံ ၆—ပါး

မြင်ရသော အဆင်းဓာတ် ဟူသမျှသည် ရူပါရုံ၊
ကြားရသော အသံဓာတ် ဟူသမျှသည် သဒ္ဒါရုံ၊

နမ်းရသော အနံ့ဓာတ် ဟူသမျှသည် ဂန္ဓာရုံ၊
လျက်ရသော ရသဓာတ် ဟူသမျှသည် ရသာရုံ၊
အတွေ့ အထိဓာတ် ဟူသမျှသည် ဖောဋ္ဌဗ္ဗာရုံ၊
မနော ဝိညာဏ် ဓာတ်ဖြင့်သာ သိအပ်သမျှသော

ပသာဒရုပ် ၅၊ သုခုမရုပ် ၁၆၊
စိတ် ၈၉၊ စေတသိက် ၅၂၊
နိဗ္ဗာန်၊ ပညတ်၊ ဤ ၆–မျိုးသည် ဓမ္မာရုံ မည်၏။

မှတ်သားရန်။ ။အာရမ္မဏ နှင့် အာလမ္ဗဏ။ ။ဥယျာဉ် ဗိမာန် ပန်းခြံ စသည်တို့သည် လူတို့၏ လာရောက် မွေ့လျော် ပျော်ပိုက်ရာ ဖြစ်သကဲ့သို့ ထိုအတူ စေတသိက်တို့၏ မွေ့လျော်ရာ အာရုံပြုရာ ဖြစ်သောကြောင့် အာရမ္မဏ မည်၏။ ကြိုးတန်း တောင်ဝှေးတို့သည် အားနည်းသူ နှင့် သူအိုတို့၏ ဆွဲကိုင်အပ်သော အရာဝတ္ထု ဖြစ်သကဲ့သို့ စိ–စေတို့၏ အာရုံပြုအပ်သောကြောင့် အာလမ္ဗဏ မည်၏။

စိ–စေ နှစ်ခြာ၊ မွေ့ပျော်ရာ၊ မှတ်ပါ အာရမ္မဏ၊
စိ–စေ နှစ်ရပ်၊ ဆွဲကိုင်အပ်၊ ခေါ်အပ် အာလမ္ဗဏ၊
ဆွဲကိုင် မှီတွယ်၊ ကျော်ဂုဏ်ကြွယ်၊ ခြောက်သွယ် ခေါ်အာရုံ။

## ဓမ္မာရုံ အမျိုးအစား နှင့် သရုပ်

| | | |
|---|---|---|
| ၁။ | ပသာဒရုပ် .... .... | ၅ |
| ၂။ | သုခုမရုပ် ....... .... | ၁၆ |
| ၃။ | စိတ် (၈၉) ...... .... | ၁ |
| ၄။ | စေတသိက် .... .... | ၅၂ |
| ၅။ | နိဗ္ဗာန် ...... .... | ၁ |
| ၆။ | ပညတ် .... .... | ၁ |

ဤသို့ ၆–မျိုး ရှိ၏၊ သရုပ်မှာ ၇၆–ပါးသည်။

တနည်း—ပဿာဒ ၅-ပါး နှင့် သုခုမ ၁၆—ကို ရုပ်ချင်းတူ၍ တမျိုးတည်းသာ ယူလျှင် ဓမ္မာရုံ ငါးမျိုးသာ ရှိ၏။

စိတ် စေတသိက်၊ ရုပ် နိဗ် နှစ်ရပ်၊ ပညတ် အပြား၊
၎င်း ငါးပါး၊ မှတ်သား ဓမ္မာရုံ။ (ပရမတ္ထသံခိပ်)၊

တနည်း— ကာမ စိ—စေ နှင့် ရုပ် ၂၈—သည် ကာမဓမ္မာရုံ၊

မဟဂ္ဂုတ် စိတ်စေတသိက်သည် မဟဂ္ဂုတ် ဓမ္မာရုံ၊
လောကုတ္တရာ ၈-စေ နှင့် နိဗ္ဗာန်သည် အပ္ပမာဏဓမ္မာရုံ၊
ပညတ်သည် ပညတ်ဓမ္မာရုံ၊ သရုပ်အားဖြင့် ၆၇-ပါးပင်။

## ဆဒွါရိက စိတ်များ နှင့် အာရုံများ

စက္ခုဒွါရိကစိတ် ၄၆—သည် ပစ္စုပ္ပန် ရူပါရုံကို
သောတဒွါရိကစိတ် ၄၆—သည် ။ သဒ္ဒါရုံကို
ဃာနဒွါရိကစိတ် ၄၆—သည် ။ ဂန္ဓာရုံကို
ဇိဝှါဒွါရိကစိတ် ၄၆—သည် ။ ရသာရုံကို
ကာယဒွါရိကစိတ် ၄၆—သည် ။ ဖောဋ္ဌဗ္ဗာရုံကို
မနောဒွါရိကစိတ် ၆၇-သည် ကာလ ၃-ပါး၌ဖြစ်သော

| | | | |
|---|---|---|---|
| စိတ် | ........ | ........ | ၈၉ |
| စေတသိက် | ........ | ........ | ၅၂ |
| ရုပ် | ........ | —— | ၂၈ |

ကာလဝိမုတ် ဖြစ်သော နိဗ္ဗာန်, ပညတ်၏အာရုံ ၆-ပါးတို့တွင် တပါးပါးကို သင့်သလို အာရုံပြု၏။

မှတ်သားရန်။ ။တေကာလိက နှင့် ကာလဝိမုတ်။ ။ပစ္စုပ္ပန်, အတိတ်, အနာဂတ် ဟူသော ကာလ ၃--ပါးဖြင့် ခွဲဝေ ရကောင်းသောကြောင့် ဝါ-ဥပါဒ်, ဌီ, ဘင်ရှိသောကြောင့် စိတ်, စေတသိက် ရုပ်တရားများသည် တေကာလိက အာရုံ (တေကာလိကတရား) မည်၏။

ဥပ္ပါဒ်,ဌီ,ဘင် မရှိ၍ ကာလ ၃-ပါးဖြင့် ခွဲဝေ မရကောင်းသေးကြောင့် နိဗ္ဗာန် နှင့် ပညတ် ဤတရား ၂--ပါးသည် ကာလ ဝိမုတ် အာရုံ (ကာလဝိမုတ် တရား) မည်၏။

ဝိ-ခေ ရူပ၊ သုံးကာလ၊ ယှဉ်ထ တေကာလိက၊
နိဗ္ဗာန် ပညတ်၊ ဖြစ်ကင်းပ၊ ကာလ ဝိမုတ္တ။

ဒွါရဝိမုတ္တာနဉ္စ ပဋိသန္ဓိ ဘဝင် စုတိ သင်္ခါတာန ဆဗ္ဗိဓမ္ပိ ယထာ သမ္ဘဝံ ယေဘုယျေန ဘဝန္တရေ ဆဒွါရဂ္ဂဟိတံ ပစ္စုပ္ပန္နမတီတံ ပညတ္တိဘူတံ ဝါ ကမ္မကမ္မနိမိတ္တဂတိနိမိတ္တသမ္မတံ အာရမ္မဏံ ဟောတိ။

ဒွါရဝိမုတ် ဖြစ်သော ပဋိသန္ဓေ ဘဝင် စုတိစိတ်များသည် လွန်ခဲ့ပြီးသော ဟိုဘက် ဘဝက မရဏာသန္နဇောသည် ယူပေးအပ်သော ကာလ သုံးပါး၌ ဖြစ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ် ဟု သမုတ် အပ်သော အာရုံ တပါးပါးကို တိုက်သလို အာရုံ ပြု၏။

သံ-ဘွင်-စုစိတ်၊ သု နိမိတ်၊ ဇောစိတ် ယူကိုင် သိ။
တေသု စက္ခုဝိညာဏာဒီနိ ယထာက္ကမံ ရူပါဒိ ဧကေကာလမ္ဗဏာနေဝ၊ မနောဓာတုတ္တိကံ ပန ရူပါဒိပဉ္စာလမ္ဗဏံ။

စက္ခုဝိညာဏ် ဒွေးသည် ပစ္စုပ္ပန် ရူပါရုံကို၊
သောတဝိညာဏ် ဒွေးသည် ။ သဒ္ဒါရုံကို၊
ဃာနဝိညာဏ် ဒွေးသည် ။ ဂန္ဓာရုံကို၊
ဇိဝှါဝိညာဏ် ဒွေးသည် ။ ရသာရုံကို၊
ကာယဝိညာဏ် ဒွေးသည် ။ ဖောဋ္ဌဗ္ဗာရုံကို၊
မနောဓာတ် ၃-သည် ပစ္စုပ္ပန် ပဉ္စာရုံကို အာရုံပြု၏။

ပဉ္စဝိညာဏ်၊ ကိုယ်စိ ရုံ၊ ငါးတန် ရှုပါနို၊
မနောဓာတ်၊ ငါးအာရုံ၊ နှစ်ဝ ဆဲ့သုံ ရှိ၊
ပဉ္စဒွါရ် ကေန်၊ ရုပ် ကေန်၊ အမှန် တွေးယူညီ။

ဤ ၁၃-ပါ၊သည် ပဉ္စဒွါရ် ကေန် ရုပ်ကေန် အာရုံပြု၏။

သေသာနိ ကာမာဝစရ ဝိပါကာနိ ဟသန စိတ္တဥ္စေတိ သဗ္ဗထာပိ ကာမာဝစရာ ရမ္မဏာနေဝ။

သန္တီရဏစိတ် ........ ၃
မဟာဝိပါက် ........ ၈
ဟသိတုပ္ပါဒ် ........ ၁ ဤ စိတ်

၁၂-ပါးသည် ပဉ္စဒွါရ်၊ အတိတ်၊ အနာဂတ်၊ ဖြစ်သော-

ကာမစိတ် ၅၄၊ စေတသိက် ၃၂
ရုပ် ၂၈၊ ဤကာမအာရုံ

၆-ပါးတို့တွင်တပါးပါးကို အာရုံပြု၏။

တဒါ ဟသ၊ ဆဲ နှစ်ဝ၊ ကာမကို ယာ သိ၊
ပဉ္စဝိညာ၊ မနောဓာ၊ တဒါ ဟသိနှော။ (ကာမကေန် ၂၅)

မှတ်သား ရန်။ ။ပဉ္စဒွါရ် ကေန် ဖြစ်သော ဒွေပဉ္စဝိညာဏ် ၁၀, မနောဓာတ် ၃-ပါး နှင့်ဤ တဒါ ဟသ ဆဲ့နှစ်ခုကို ပေါင်းလိုက်လျှင် ကာမကို ကေန် အာရုံပြုသော ကာမကေန် ၂၅ ဖြစ်၏။ ပဉ္စ၊သ ဂဏ္ဌိ အရကောက်ယူပါမည်။

အကုသလာနိ စေဝ ဉာဏဝိပ္ပယုတ္တ ကာမာဝစရ ဇဝနာနိ စေတိ လောကုတ္တရ ဝဇ္ဇိတ သဗ္ဗာရမ္မဏာနိ။

အကုသိုလ်စိတ် ........ ၁၂
မဟာကုသိုလ် ဉာဏဝိပ္ပယုတ် ၄
မဟာကြိယာ ဉာဏဝိပ္ပယုတ် ၄ ဤ စိတ်

၂၀-တို့သည်ပဉ္စဒွါရ်၊ အတိတ်၊ အနာဂတ် ဖြစ်သော-

လောကီစိတ် ........ ၈၁
စေတသိက် ........ ၅၂
ရုပ် ........ ၂၈–ပါး နှင့်

ကာလဝိမုတ် ဖြစ်သော ပညတ် ၏ အာရုံ ၆-ပါးတရား တို့တွင် တပါးပါးကို အာရုံ ပြု၏။

အကု ဆဲ့နှစ်၊ ရှစ် ဝိပ္ပယုတ်၊ ကု–ကြိ ထုတ်၊ လောကုတ် ကြဉ်၍သိ။
(ကာမမဟာဂ္ဂုတ် နှင့် ပညတ်ကို အနေကန် အာရုံပြုသောစိတ် ၂၀)

ဉာဏသမ္ပယုတ္တ ကာမာဝစရ ကုသလာနိစေဝ ပဥ္စမဈာန သင်္ခါတံ အဘိညာကုသလ ဥဒ္ဓတိ အရဟတ္တ ဖလ ဝဇ္ဇိတသဗ္ဗာ ရမ္မဏာနိ၊

မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄
အဘိညာဏ် ကုသိုလ်စိတ် ၁ ၏ စိတ် ငါးပါးတို့သည် ကာလ သုံးပါး၌ ဖြစ်သော–

အရဟတ္တမဂ်-ဖိုလ် ကြဉ်သော စိတ် ........ ၈၇
စေတသိက် ........ ........ ၅၂
ရုပ် ........ ........ ၂၈

ကာလဝိမုတ်ဖြစ်သော နိဗ္ဗာန် ပညတ် ၏အာရုံ ၆-ပါးတို့တွင် တပါးပါးကို အာရုံ ပြု၏။

ကာမ ကု–ဉာဏ်၊ ကု-ဘိညာဏ်၊ ငါးဘန် စိတ်မနိ၊
အရဟတ္တ မဂ်-ဖိုလ်၊ ကြဉ်စေလို၊ ကြွင်းကိုအကုန်သိ။
(ကာမ မဟဂ္ဂုတ် နိဗ္ဗာန် ပညတ် အနေကန် စိတ် ၅-ပါး)

ဉာဏသမ္ပယုတ္တ ကာမာဝစရ ကြိယာနိစေဝ ကြိယာဘိညာ ဝေါဋ္ဌဗ္ဗနဉ္စေတိ သဗ္ဗထာပိ သဗ္ဗာရမ္မဏာနိ။

မဟာကုသိုလ် ဉာဏသမ္ပယုတ် ၄
ကြိယာ အဘိညာဉ် စိတ် ၁
ဝုဋ္ဌော မနောဒွါရာဝဇ္ဇန်း ၁ ဤ စိတ်
၆-ပါးတို့သည် ကာလ ၃--ပါး၌ ဖြစ်သော–
စိတ် ........ ........ ၁၉
စေတသိက် ........ ........ ၃၂
ရုပ် ........ ........ ၂၀

ကာလဝိမုတ် ဖြစ်သော နိဗ္ဗာန် နှင့် ပညတ် ဤအာရုံ အားလုံးကို အာရုံပြု၏။

ကာမကြိ–ဉာဏ်၊ ကြိ–ဘိညာဏ်၊ ဝုဋ္ဌန် မနောဒွါ၊
ခပ်သိမ်း အာရုံ၊ အလုံးစုံ၊ အကုန်သိလေဘိ၊

မှတ်သားရန်။ ။သဗ္ဗညုတ ဉာဏ် ဆိုသည်မှာ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄ပါး၌ရှိသော သဗ္ဗညု ကိစ္စတပ်သည့် ပညာစေတသိက်ပင်၊ ယင်းသဗ္ဗညုတ ဉာဏဝီထိတွင် မနောဒွါရာဝဇ္ဇန်း စိတ်သည် ကျေးဇူး အာဝဇ္ဇန်း ကိစ္စတပ်၍ ပါလာသောကြောင့် သဗ္ဗညုတ ဉာဏ်နှင့် အသာတူသောစိတ်, ဆင်ပြောင်ကြီးနှင့် ရင်း တူသော စိတ်ဟူ၍ အမည်ထူး ရှိလေသည်။

အာရုံပွေသု ဒုတိယ စတုက္ကာနိ မဟဂ္ဂတာ ရမ္မဏာနိ။

ဝိညာဏဉ္စာယတန ကုသိုလ် ဝိပါက်သည် အတိတ် ဖြစ်သော အာကာသာနဉ္စာယတနကုသိုလ်ကိုအာရုံပြု၏၊

ဝိညာဏဉ္စာယတန ကြိယာသည် အတိတ် ဖြစ်သော အာကာသာနဉ္စာယတန ကုသိုလ်စိတ် ကြိယာစိတ် ၂–ပါးတို့တွင်တပါးပါးကို အာရုံပြု၏၊

နေဝသညာနာသညာယတန ကုသိုလ် ဝိပါက်သည့် အတိတ် အာကိဉ္စညာယတန ကုသိုလ်ကို အာရုံပြု၏။

နေဝသညာ နာသညာယတနကြိယာသည် အတိတ်ဖြစ်သော အာကာသာနဉ္စာယတန ကုသိုလ်စိတ် နှင့် ကြိယာစိတ် ၂—ပါးတို့တွင် တပါးပါးကိုအာရုံပြု၏။

အရူ ဒု—မှာ၊ပ—ကိုသာ၊စ—မှာ—တ—ကိုသိ။

(မဟဂ္ဂုတ် ကေန် အာရုံပြု ၆—ပါး)

သေသာနိ မဟဂ္ဂတစိတ္တာနိ သဗ္ဗာနိပိ ပညတ္တာရမ္မဏာနိ။

| | | |
|---|---|---|
| အဘိညာဏ်ကြဉ်သောရူပစိတ် | ........ | ၁၅ |
| အရူပ-ပဌမ - ၃၊ တတိယ--၃ | ........ | ၆ |

ဤ ၂၁-ပါးသည် ပညတ်ကို ကေန်အာရုံပြု၏။

ဘိညာဏ် ကြဉ်မှူ၊ဆဲ့ငါးရူ ၊အရူ ပ—တ်ဆိ၊
ပညတ် ကေစ်၊နှမ်ဆဲ့တစ်၊စင်ဇစ် အမှန်သိ။

## ရူပ ပထမဈာန် ၃-ခုသည်—

| | | | |
|---|---|---|---|
| ကသိုဏ်းပညတ် | ........ | ........ | ၁၀ |
| အသုဘပညတ် | ........ | ........ | ၁၀ |
| ကာယဂတာသတိ ဟူသော ကောဋ္ဌာသပညတ် | | | ၁ |
| တွက်သက် ဝင်သက် | ........ | ........ | ၁ |
| မေတ္တာ၏ အာရုံ သတ္တပညတ် | | ........ | ၁ |
| ကရုဏာ၏ အာရုံဒုက္ခိတသတ္တပညတ် | | | ၁ |
| မုဒိတာ၏ အာရုံသုခိတ သတ္တပညတ် | | | ၁ |

ဤ၂၅—ပါးသော ကမ္မဋ္ဌာန်းကို အာရုံပြု၏

## ရူပ-ဒု-တ-စ ဈာန်တို့သည်

ကသိုဏ်းပညတ် ........ ........ ၁၀
ထွက်သက် ဝင်သက် ........ ........ ၁
မေတ္တာ၏ အာရုံသတ္တပညတ် ........ ၁
ကရုဏာ၏ အာရုံဒုက္ခိတ သတ္တပညတ် ၁
မုဒိတာ၏ အာရုံသုခိတ သတ္တပညတ် ၁

ဤ ၁၄—ပါးသော ကမ္မဋ္ဌာန်းကို အာရုံပြု၏။

## ရူပပဉ္စမဈာန် ၃ ခုသည်—

ကသိုဏ်း ပညတ် ........ ........ ၁၀
ထွက်သက် ဝင်သက် ........ ........ ၁
ဥပေက္ခာ၏ အာရုံ သတ္တပညတ် ........ ၁

ဤ ၁၂—ပါးသောကမ္မဋ္ဌာန်းကို အာရုံပြု၏။

## အာကာသာနဉ္စာယတန ၃—ခုသည်—

အာကာသ ကြဉ်သော ကသိုဏ်း ၉—ပါးတို့ တွင် တပါးပါးကိုခွါ၍ ရအပ်သော ကသိဏုဂ္ဃါဋိမာကာသ ပညတ်ကို အာရုံပြု၏။

## ဝိညာဏဉ္စာယတန ၃—ခုသည်—

အာကာသာနဉ္စာယတန ဈာန်၏ မရှိခြင်း နတ္ထိဘော ပညတ်ကို အာရုံပြု၏။

လောကုတ္တရစိတ္တာနိ နိဗ္ဗာနာရမ္မဏာနိ။

• လောကုတ္တရာစိတ် ၈—ခုသည် နိဗ္ဗာန်ကို အာရုံပြု၏။

လောကုတ္တရာ၊စိတ်ရှစ်တန်၊နိဗ္ဗာန်ကိုသသည်။

မှတ်သားရန်။ ။ပညတ် ကောင်း ၂၁—ပါး နှင့် လောကုတ္တရာကောင်း ၈—ပါး ပေါင်း ၍ ၂၉—ပါးသော စိတ်သည် ကာလဝိမုတ် ဖြစ်သော ပညတ် နှင့် နိဗ္ဗာန်ကို ကောင်း အာရုံပြု၏။

ပဉ္စဝီသ ပရိတ္တမှီ, ဆစိတ္တာနိ မဟဂ္ဂတေ၊
ကေဝီသတိ ဝေါဟာရေ, အဋ္ဌနိဗ္ဗာန ဂေါစရေ။
ဝီသာနုတ္တရမုတ္တမှီ, အဂ္ဂ မဂ္ဂ ဖလုဇ္ဈိတေ၊
ပဉ္စ သဗ္ဗတ္ထ ဆစ္စေတိ, သတ္တဓာ တတ္ထ သင်္ဂဟော။

ပဉ္စဝီသ ပရိတ္တမှီ၊ကာမ ကောင်း ၂၅—

ဒွေးပဉ္စဝိညာဏ် .... ၁၀
မနောဓာတ် .... ၃
သန္တီရဏစိတ် .... ၃
မဟာဝိပါက်စိတ် .... ၈
ဟသိတုပ္ပါဒ်စိတ် .... ၁—၂၅

ပဉ္စဝိညာ၊မနောဓာ၊တဒါဟသိန္တော၊
နှစ်ဆယ့်ငါးတန်၊စိတ်ဝိညာဏ်၊ကောင်းကာမဟော။

ပရိတ္တမှီ၊ ကာမ အာရုံ အရကား—

ကာမစိတ် .... ၅၄
စေတသိက် .... ၅၂
ရုပ် .... ၂၈ တည်း။

၎င်း တရားစုသည် ပရိတ္တ ကာမတရား ကာမအာရုံ မည်၏။

ဆ စိတ္တာနိ မဟဂ္ဂတေ၊ မဟဂ္ဂုတ် ကောင်း ၆—

ဝိညာဏဉ္စာယတန ကု—ဝိ—ကြိ ၃
နေဝသညာနာသညာယတန ကု—ဝိ—ကြိ ၃=၆

ဝိညာဏဉ္စာ၊ နာသညာ၊ သချာ ဆ—ဟုဟော။

ဧကဝီသတိ ဝေါဟာရေ၊ ပညတ်ကေန် ၂၁—

| | | |
|---|---|---|
| အဘိညာဏ်ကြဉ် ရူပစိတ် | ..... | ၁၅ |
| အာကာသာနဉ္စာယတနစိတ် | ...... | ၃ |
| အာကိဉ္စညာ ယတနစိတ် | .... | ၃ |

ဘိညာ မပါ၊ စိတ်ရူပါ၊ အာကာ အာကိဉ္စာ။

အဋ္ဌနိဗ္ဗာနဂေါစရေ၊ နိဗ္ဗာန်ကေန် ၈—

လောကုတ္တရာစိတ် ၈—ပါးသည် နိဗ္ဗာန်ကို ဧကန်ပြု၏။

လောကုတ္တရံ၊ မြတ်နိဗ္ဗာန်၊ ကေန်သိစေသော။

ဝီသာနုတ္တရ မုတ္တမှိ၊ အနေကန် ၂၀—

| | | |
|---|---|---|
| အကုသိုလ်စိတ် | — | ၁၂ |
| မဟာကုသိုလ် ဉာဏဝိပ္ပယုတ် | — | ၄ |
| မဟာကြိယာ ဉာဏဝိပ္ပယုတ် | — | ၄=၂၀ |

အနုတ္တရ မုတ္တ အရ—

| | | |
|---|---|---|
| လောကီစိတ် | — | ၈၁ |
| စေတသိက် | — | ၅၂ |
| ရုပ် | — | ၂၈ |

ပညတ် တရား အားလုံး ရ၏။

ကာမ မဟဂ္ဂုတ် ပညတ် အာရုံ ၃—မျိုး ဖြစ်သည်။

အဂ္ဂမဂ္ဂ ဖလုဇ္ဈိတေ ပဉ္စ၊ အနေကန် ၅—

| | |
|---|---|
| မဟာကုသိုလ် ဉာဏသမ္ပယုတ် | ၄ |
| ကုသိုလ် အဘိညာဏ် စိတ် | ၁=၅။ |

ကာမ ကု—ဉာဏ်၊ ကု—ဘိညာဏ်၊ ငါးတန် စိတ်မနိ၊

အရဟတ္တ မဂ်—ဖိုလ်၊ ကြဉ်စေ၍၊ ကြွင်းကို အာရုံသိ။

အဂ္ဂမဂ္ဂ ဖလုဋ္ဌိတေ အရ—

| | | |
|---|---|---|
| အရဟတ္တ မဂ်—ဖိုလ်ကြည် စိတ် | .... | ၇၇ |
| စေတသိက် | .... | ၅၂ |
| ရုပ် | .... | ၂၈ |

နိဗ္ဗာန် နှင့် ပညတ် ဤ အာရုံများ ရအံ။

မှတ်သားရန်၊ ။အဂ္ဂမဂ္ဂ ဖလုဋ္ဌိတ အရအာရုံသရုပ်မှာ အထက်ပါ တရေးကိုယ်များ ရအံ၊ အာရုံအမျိုး အစားအားဖြင့် ခွဲလျှင် ကာမအာရုံ မဟဂ္ဂုတ် အာရုံ, အပ္ပမာဏ အာရုံ, ကာလဝိမုတ် အာရုံ ဟု ၄—မျိုး ရအံ၊ကာလဝိမုတ်ဆိုရာ၌ နိဗ္ဗာန် နှင့် ပညတ် ၂—မျိုးပါဝင်ပုံသတိပြုလေ။

သဗ္ဗညု ဆ၊အာရုံ အားလုံး အနေ့ကန်ပြု ၆—

| | | |
|---|---|---|
| မနောဒွါရာဝဇ္ဇန်း | ...... | ၁ |
| မဟာကြိယာ ဥာဏ သမ္ပယုတ် | .... | ၄ |
| ကြိယာ အဘိညာဉ် စိတ် | .... | ၁=၆ |

သဗ္ဗညု အရ—

| | | | |
|---|---|---|---|
| စိတ် | ၈၉၊ | စေတသိက် | ၅၂၊ |
| ရုပ် | ၂၈၊ | နိဗ္ဗာန် ပညတ် အာရုံ အကုန် ရအံ။ | |

ဤသို ကာမ,မဟဂ္ဂုတ်, ပညတ်, နိဗ္ဗာန် ကေန် ၄—ဌာန, အနေကန် ၃—ဌာနအားဖြင့် အာရမ္မဏ သင်္ဂဟကို ၇—ဌာနဖြင့် ခေဘန်ပိုင်းခြား၍သိအပ်၏၊

## ကေန် အာရုံပြုသော စိတ်အချုပ်

ကာမ, မဟဂ္ဂုတ်, နိဗ္ဗာန်ကေ် များ—

ကာမ ကေန် ၂၅၊ မဟဂ္ဂုတ် ကေန် ၆၊ နိဗ္ဗာန် ကေန် ၈၊

ပဉ္စဝီ ကာမ၊ ဆ မဟဂ္ဂ၊ အဋ္ဌ နိဗ္ဗာန် သာ။

ရူပ်, နာမ်, ပညတ် ကောန်များ—

ဒွေးပဉ္စဝိညာဏ် မနောဓာတ် ရူပ်ကောန် ၁၃
အရူပ ဒု–စ ၆ လောကုတ် ၈ နာမ်ကောန် ၁၄
အရူပ ပ–တ ၆,ရူပ ၁၅ ပညတ်ကောန် ၂၁

ရူပ်ကား တေရသ်၊နာမ် စုဒ္ဒသ်၊ ပညတ် ကေ်ဝီသာ။
(အဘိညာဏ် မပါသော ရူပါစိတ် ၁၅–ပါးကိုယူ)

ပရမတ်, ပစ္စုပ်, တီတ, ဝိမုတ် ကောန် များ—

ကာမ ကောန် ..... ၂၅
မဟဂ္ဂုတ် ကောန် ..... ၆
နိဗ္ဗာန် ကောန် ..... ၈

ဤကောန် ၃၉ သည် ပရမတ်ကောန် ၃၉ ဖြစ်၏၊
ပဉ္စဝိညာဏ် နှင့် မနောဓာတ်သည် ပစ္စုပ်ကောန် ၁၃ ဖြစ်၏၊
မဟဂ္ဂုတ် ကောန် ၆ ပါးသည် အတိတ်ကောန် ၆ ပါးဖြင်၏၊
ပညတ်နှင့် နိဗ္ဗာန် ကောန်သည် ဝိမုတ်ကောန် ၂၉ ဖြစ်၏။

နောတိံ ပရမတ်၊တေရသ် ပစ္စုပ်၊ ဆဟုတ် တီတ၊
နောဝီသ၊ ကာလဝိမုတ် သာ။

မဟဂ္ဂုတ် လောကုတ္တရာစိတ် ၃၅ ပါးသည် မမွာရုံကို ကောန်ပြု၏။

## အနေကာန် အာရုံပြုသော စိတ်အချုပ်

ကာမ,မဟဂ္ဂုတ်,ဝိမုတ်,ပညတ်,ပရမတ် အနေကာံများ—

ဟသိကြဉ် ကာမဇော ၂၈
အဘိညာဏ်ဒွေ ၂
ဝုဋ္ဌော (မနောဒွါရာဝဇ္ဇန်း) ၁=၃၁၊

ဤ ၃၁ ပါးသည် ကာမ စသော ငါးဌာနကို အနေကာံပြု၏။

ဟသိ မပါ၊ဇောကာမာ၊ ဘိညာ ဒွေးဝုဋ္ဌော၊
ကာမ မဟဂ္ဂုတ်၊ ဝိမုတ် ပညတ် ပရမတ်၊
သိလတ် ကေ် တိံသာ၊

ကာလ ၃–ပါး,ဓမ္မာရုံ,ရုပ်,နာမ် အနေကံများ–

| | |
|---|---|
| ကာမဇော | ၂၉ |
| တဒါရုံ | ၁၁ |
| မနောဒွါရာဝဇ္ဇန်း | ၁ |
| အဘိညာဏ်ဒွေ | ၂=၄၃ |

ဤ ၄၃ ပါးသည် ကာလသုံးပါး စသည်ကို အနေကံပြု၏။

ပစ္စုပ် တီတ၊နာဂတ၊နှင့်၊ဓမ္မ ရုပ် နာမ်၊
အနေကံ၊ ဝေဘန် တေစတ္တာ။

နိဗ္ဗာန် အနေကံ ၁၁–

ကာမ ကုသလ်၊ ကိရိယံ၊ ဉာဏ်နှင့် ယှဉ်စေသော၊
ဝုဋ္ဌော ဂေါ၊ ဘိညာဒွ၊ ကေဒသ ဟော။

## ကေန် အနေကန် ပြုပုံ အချုပ်

| အာရုံအမည် | ကေန် | | အနေကံ | | အပေါင်း |
|---|---|---|---|---|---|
| ကာမ | ....... ၂၅ | + | ၃၁ | = | ၅၆ |
| မဟဂ္ဂုတ် | .... ၆ | + | ၃၁ | = | ၃၇ |
| နိဗ္ဗာန် | .... ၈ | + | ၁၁ | = | ၁၉ |
| ရုပ် | .... ၁၃ | + | ၄၃ | = | ၅၆ |
| နာမ် | .... ၁၄ | + | ၄၃ | = | ၅၇ |
| ဝိမုတ် | .... ၂၉ | + | ၃၁ | = | ၆၀ |
| ပညတ် | .... ၂၁ | + | ၃၁ | = | ၅၂ |
| ပရမတ် | ..... ၃၉ | + | ၃၁ | = | ၇၀ |
| ဓမ္မာရုံ | .... ၃၅ | + | ၄၃ | = | ၇၈ |

| အာရုံအမည် | | ကိန် | | အနေကန် | | ပေါင်း |
|---|---|---|---|---|---|---|
| ပစ္စုပ္ပန် | .... | ၁၃ | + | ၄၃ | = | ၅၆ |
| အတိတ် | .... | ၆ | + | ၄၃ | = | ၄၉ |
| အနာဂတ် | .... | မရှိ | + | ၄၃ | = | ၄၃ |
| အဇ္ဈတ္တ | .... | ၆ | + | ၅၆ | = | ၆၂ |
| ဗဟိဒ္ဓ | .... | ၂၆ | + | ၅၆ | = | ၈၂ |
| အဇ္ဈတ္တ–ဗဟိ | .... | မရှိ | + | ၅၆ | = | ၅၆ |

အာရမ္မဏ သင်္ဂဟ ပြီး၏

---

## ဝတ္ထုသင်္ဂဟ

စက္ခုဝတ္ထု သောတဝတ္ထု ဃာနဝတ္ထု
ဇိဝှါဝတ္ထု ကာယဝတ္ထု ဟဒယဝတ္ထု

ဝတ္ထု ၆–ပါး

စက် သော ဃာ ဇိ၊ ကာ ဟဒိ၊ ခြောက်လီ ဝတ္ထုရုပ်၊
တည်ရာ မှီရာ၊ မြေ ပမာ၊ လွန်ဖွာ ကျေးဇူးထုတ်။

စက္ခုပသာဒသည် စက္ခုဝိညာဏ်၏ ဝတ္ထုတည်း၊
သောတပသာဒသည် သောတဝိညာဏ်၏ ဝတ္ထုတည်း၊
ဃာနပသာဒသည် ဃာနဝိညာဏ်၏ ဝတ္ထုတည်း၊
ဇိဝှါပသာဒသည် ဇိဝှါဝိညာဏ်၏ ဝတ္ထုတည်း၊
ကာယပသာဒသည် ကာယဝိညာဏ်၏ ဝတ္ထုတည်း၊
ဟဒယအကြည်သည် ဝိညာဏ် ၂ ပါး၏ ဝတ္ထုတည်း၊
(မနောဓာတ် နှင့် မနောဝိညာဏ ဓာတ်ကို ဝိညာဏ် ၂–ပါး ယူ)

ကာမဘုံ၌ ဝတ္ထုရုပ် ၆–ပါးလုံး အကုန် ရအပ်၏၊
ရူပဘုံ၌ ဃာန, ဇိဝှါ, ကာယဝတ္ထု ၃–ပါး မရအပ်၊

စက္ခုသောတဟဒယ ဝတ္ထု ၃—ပါးကိုသာရအပ်၏၊
အရူပဘုံ၌ ဝတ္ထုရုပ်ကို တပါးမျှ မရအပ်၊
အသညသတ်ဘုံ၌လည်း ဝတ္ထုရုပ်တပါးမျှမရအပ်၊

ဝတ္ထုခြောက်စုံ၊ ကာမဘုံ၊ အကုန် ရသည်သာ၊
စက်သော နှစ်တန်၊ ဟဒယံ၊ သုံးတန်ရူပမှာ၊
အရူပမူ၊ ဝတ္ထုဟူ၊ မြူမျှ မရှိပါ၊

စက္ခုဝိညာဏ်ဒွေးသည် စက္ခုဝတ္ထုကို မှီ၍ဖြစ်၏၊
သောတဝိညာဏ်ဒွေးသည် သောတဝတ္ထုကို မှီ၍ဖြစ်၏၊
ဃာနဝိညာဏ်ဒွေးသည် ဃာနဝတ္ထုကို မှီ၍ဖြစ်၏၊
ဇိဝှါဝိညာဏ်ဒွေးသည် ဇိဝှါဝတ္ထုကို မှီ၍ဖြစ်၏၊
ကာယဝိညာဏ်ဒွေးသည် ကာယဝတ္ထုကို မှီ၍ဖြစ်၏၊
ပဉ္စဒွါရာဝဇ္ဇန်း သမ္ပဋိစ္ဆိုန်းဒွေး ဟူသော မနောဓာတ် သုံးခုသည် ဟဒယဝတ္ထုကို မှီ၍ သာလျှင် ဖြစ်၏။

| | | | |
|---|---|---|---|
| ဒေါသမူဒွေး | ၂ | သန္တီရဏ | ၃ |
| ဟသိတုပ္ပါဒ် | ၁ | မဟာဝိပါက် | ၈ |
| ရူပါဝစ် | ၁၅ | သောတာပတ္တိမဂ် | ၁ |

ဤ ၃၀—သော မနောဝိညာဏဓာတ်သည် ဟဒယ ဝတ္ထုကိုမှီ၍ သာလျှင် ဖြစ်၏၊

ဝိညာဏ်ဆယ်လီ၊ အမြဲမှီ၊ ငါးလီ သီးသီးသာ၊
မနောဓာတ် သုံးမှီမြဲထုံး၊ အဆု ဝတ္ထုမှာ၊
သန္တီ မဟာဝိ၊ ဒွေးပဋိ၊ ဟသိဆဲ့ငါးရူ။
သောတာမဂ်၊ သုံးဆယ်ရ၊ ဟဒ္ဒ အမြဲ ယူ။

မှတ်သားရန်။ ။ဒွေးပဉ္စဝိညာဏ် ၁၀, မနောဓာတ် ၃ နှင့် ဤ၃၀ ပေါင်း ၄၃—ပါးကို ‘‘တေစတ္တာလီသ နိဿယ’’ အရ

အမြဲမှီ ၄၃-ပါးအဖြစ်ဖြင့် ကောက်ယူ ရလိမ့်မည်။ ဤ စကားဖြင့် ဤ ၄၃-ပါးသည် ဝတ္ထုရုပ် ကင်းမဲ့သော အရူပဘုံ၌ မည်သည့် အခါမှ မဖြစ်ဟု မှတ်အပ်၏၊

| | | | |
|---|---|---|---|
| လောဘမူ | ၈ | မောဟမူ | ၂ |
| မနောဒွါရာဝဇ္ဇန်း | ၁ | မဟာကုသိုလ် | ၈ |
| မဟာကြိယာ | ၈ | အရူပကုသိုလ် | ၄ |
| အရူပကြိယာ | ၄ | သောတာပတ္တိမဂ် | |

ကြည်သော လောကုတ္တရာစိတ် ၇ ဤ ၄၂-ပါးသော မနောဝိညာဏ ခေါ်သည့် ပဉ္စဝေါကာရ ဘုံ၌ ဖြစ်သော အခိုက်မှာ ဟဒယ ဝတ္ထုကို မှီ၍ ဖြစ်၏၊ အရူပဘုံ၌ ဖြစ်ခိုက်မှာ ဟဒယဝတ္ထုကို မမှီဘဲဖြစ်၏၊

လော မော ဆယ်ဖြာ၊ မနောဒွါ၊ မဟာ ကု-ကြိ ရှစ်၊
ကု-ကြိ ရှစ်ဖြာ၊ အရူပါ၊ ကုတ်မှာ ဆံ့ခုနစ်၊
ဝတ္ထုရုပ်စိ၊ မှီ မမှီ၊ ပေါင်းညီ လေးဆံ့နှစ်၊

မှတ်သားရန်။ ။"ဒွေစတ္တာလီသ ဇာယရေ၊ နိဿာယ-စ အနိဿာယ" အရ ရံခါမှီ ရံခါမမှီဘဲ ဖြစ်သော စိတ် ၄၂-ပါးအဖြစ်နှင့် ကောက်ယူရလိမ့်မည်၊ မဟာ ကု-၈, မဟာ ကြိ-၈ကို "မဟာကု-ကြိ ရှစ်" ဟုလင်္ကာ၌ဆိုထားသည်။

အရူပဝိပါက်သည်ဟဒယဝတ္ထုကိုမမှီဘဲသာဖြစ်၏၊

အရူပ ဝိ၊ စတု ညီ၊ အမှီ မရှိဟူ။

ဆဝတ္ထုံ နိဿိတာ ကာမေ, သတ္တ ရူပေ စတုဗ္ဗိဓာ၊
တိဝတ္ထုံ နိဿိတာ ရူပေ, ဓာတွေကာ နိဿိတာ မတာ။

ဆဝဏ္ဏုံ နိဿိတာ ကာမသဏ္ဍ—

ကာမ ၁၁-ဌာန၌ ဓာတ် ၇—ပါးသည် ဝဏ္ဏ ၆—ပါးကိုမှီ၏

စက္ခုဝိညာဏဓာတ် ၂၊ သောတဝိညာဏဓာတ် ၂

ဃာနဝိညာဏဓာတ် ၂၊ ဇိဝှါဝိညာဏဓာတ် ၂

ကာယဝိညာဏဓာတ် ၂၊ မနောဓာတ် ၃

အရူပဝိပါက် ၄—ပါးကြဉ်သော မနောဝိညာဓာတ် ၇၂

ဤစိတ် ၈၅—ပါးကို သဏ္ဍ ဝိညာဏဓာတ် အရကောက်ယူရ၏။

ရူပေ စတုဗ္ဗိဓ တိဝဏ္ဏုံ နိဿိတာ

ရူပဘုံ၌ ဓာတ် ၄—ပါးသည် ဝဏ္ဏ ၃—ပါးကို မှီ၏။

စက္ခုဝိညာဏ် ၂၊ သောတဝိညာဏဓာတ် ၂

မနောဓာတ် ၃၊ မနောဝိညာဏဓာတ် ၆၂

ဤစိတ် ၇၂-ပါးကို ဓာတ်လေးပါးအရကောက်ယူရ၏။

မှတ်သားရန်။ ။ရူပေအရ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံကိုယူ၊ ဒွေးပဥ္စဝိညာဏ် ၁၀—သည် ပဥ္စဝိညာဏ ဓာတ် ၅—ပါးမည်၏၊ ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုန်းဒွေးကို မနောဓာတ် ခေါ်၏၊ ကျန်သော ၇၆—ပါးကို မနောဝိညာဏ ဓာတ် ခေါ်၏၊ မနောဝိညာဏ ဓာတ် ၆၂—ပါးယူရာ၌ ရှိရင်း မနောဝိညာဏ ဓာတ် ၇၆—ပါးမှဒေါသမူဒွေး, မဟာဝိပါက် ၈, အရူပဝိပါက် ၄—ပေါင်း ၁၄—ပါးကို နုတ်လျှင် မနောဝိညာဏဓာတ် ၆၂—ပါး ဖြစ်၏။

အရူပေ ဓာတွေကာ နိဿိတာ မတာ

အရူပဘုံ၌ ဓာတ် ၁-ပါးသည် ဝဏ္ဏုကို မမှီဘဲ ဖြစ်၏။

လောဘမူစိတ် ၈၊ မောဟမူ ၂
မနောဒွါရာဝဇ္ဇန်း ၁၊ မဟာကုသိုလ် ၈
မဟာကြိယာစိတ် ၈၊ အရူပစိတ် ၁၂
သောတာပတ္တိ မဂ်စိတ်ကြဉ်သော လောကုတ္တရာစိတ် ၇

ဤ ၄၂—ပါးကို ဧကာ ဒသတု အရ ကောက်ယူရ၏။

တေစတ္တာလီသ နိယာယ, ဒွေ စတ္တာလီသ ဇာယရေ၊
နိယာယ စ အနိယာယ, ပါကာရုပ္ပါ အနိယတာ။

မှီ၍တော့တေး၊ မမှီလေး၊ စွေးမှီမမှီ၊

တေစတ္တာလီသ နိယာယ—

ဝတ္ထုကို မှီ၍သာ ဖြစ်သောစိတ် ၄၃-ပါးတည်း။

ဒွေစတ္တာလီသ ဇာယရေ,နိယာယ စ အနိယာယ—

ရံခါမှီ ရံခါ မမှီသောစိတ် ၄၂—ပါးတည်း။

ပါကာရုပ္ပါ အနိယတာ—

အရူပဝိပါက် ၄—ပါးသည် ဝတ္ထုကို မမှီ၍သာဖြစ်၏။

ဝတ္ထုသင်္ဂဟ ပြီး၏

ပကိဏ်းပိုင်း ပြီးပြီ

၁၃၁၆—ခု၊ ဝါဆို လဆန်း ၁၂ ရက်

တနင်္လာနေ့ ပြီးသည်၊

# နောက်ဆက်စကားရပ်

## စိတ်၌စေတသိက်ယှဉ်ပုံ

| စိတ်အမည် | ယှဉ် | | မယှဉ် | | ပေါင်း |
|---|---|---|---|---|---|
| လောဘမူစိတ် ၈-ခု | ၂၂ | + | ၃၀ | = | ၅၂ |
| ၁-အသင်္ခါရိကစိတ်၌ | ၁၉ | + | ၃၃ | = | ၅၂ |
| ၂-သသင်္ခါရိကစိတ်၌ | ၂၁ | + | ၃၁ | = | ၅၂ |
| ၃-အသင်္ခါရိကစိတ်၌ | ၁၉ | + | ၃၃ | = | ၅၂ |
| ၄-သသင်္ခါရိကစိတ်၌ | ၂၁ | + | ၃၁ | = | ၅၂ |
| ၅-အသင်္ခါရိကစိတ်၌ | ၁၈ | + | ၃၄ | = | ၅၂ |
| ၆-သသင်္ခါရိကစိတ်၌ | ၂၀ | + | ၃၂ | = | ၅၂ |
| ၇-အသင်္ခါရိကစိတ်၌ | ၁၈ | + | ၃၄ | = | ၅၂ |
| ၈-သသင်္ခါရိကစိတ်၌ | ၂၀ | + | ၃၂ | = | ၅၂ |
| ဒေါသမူစိတ် ၂-ခု | ၂၂ | + | ၃၀ | = | ၅၂ |
| ၁ခုမြောက်-အသင်္ခါရိကစိတ်၌ | ၂၀ | + | ၃၂ | = | ၅၂ |
| ၂ခုမြောက်-သသင်္ခါရိကစိတ်၌ | ၂၂ | + | ၃၀ | = | ၅၂ |
| မောဟမူစိတ် ၂-ခု | ၁၆ | + | ၃၆ | = | ၅၂ |
| ဝိစိကိစ္ဆာသမ္ပယုတ်၌ | ၁၅ | + | ၃၇ | = | ၅၂ |
| ဥဒ္ဓစ္စသမ္ပယုတ်၌ | ၁၅ | + | ၃၇ | = | ၅၂ |
| အဟိတ်စိတ် ၁၈-ခု | ၁၂ | + | ၄၀ | = | ၅၂ |
| ဟသိတုပ္ပါဒ်စိတ်၌ | ၁၂ | + | ၄၀ | = | ၅၂ |
| မနောဒွါရာဝဇ္ဇန်း၌ | ၁၁ | + | ၄၁ | = | ၅၂ |
| သောမနဿသန္တီရဏ၌ | ၁၁ | + | ၄၁ | = | ၅၂ |
| မနောဓာတ်နှင့် ... သန္တီရဏ၌ | ၁၀ | + | [illegible] | = | ၅၂ |
| ... ဝိညာဏ် ၁၀ ... | ၇ | + | [illegible] | = | ၅၂ |

အကုသလဝိပါက် ၇၊ ကုသလဝိပါက် ၁၀၊ ကြိယာ ၁၂ ... ရှိ၏

| စိတ်အမည် | | ယှဉ် | | မယှဉ် | | ပေါင်း |
|---|---|---|---|---|---|---|
| မဟာကု | ပ-ဒွေး၌ | ၃၈ | + | ၁၄ | = | ၅၂ |
| | ဒု-ဒွေး၌ | ၃၇ | + | ၁၅ | = | ၅၂ |
| | တ-ဒွေး၌ | ၃၇ | + | ၁၅ | = | ၅၂ |
| | စ-ဒွေး၌ | ၃၆ | + | ၁၆ | = | ၅၂ |
| မဟာဝိ | ပ-ဒွေး၌ | ၃၃ | + | ၁၉ | = | ၅၂ |
| | ဒု-ဒွေး၌ | ၃၂ | + | ၂၀ | = | ၅၂ |
| | တ-ဒွေး၌ | ၃၂ | + | ၂၀ | = | ၅၂ |
| | စ-ဒွေး၌ | ၃၁ | + | ၂၁ | = | ၅၂ |
| မဟာကြိ | ပ-ဒွေး၌ | ၃၅ | + | ၁၇ | = | ၅၂ |
| | ဒု-ဒွေး၌ | ၃၄ | + | ၁၈ | = | ၅၂ |
| | တ-ဒွေး၌ | ၃၄ | + | ၁၈ | = | ၅၂ |
| | စ-ဒွေး၌ | ၃၃ | + | ၁၉ | = | ၅၂ |
| မဟဂ္ဂုတ် ၂၇-၌ | | ၃၅ | + | ၁၇ | = | ၅၂ |
| ပ-ဈာန် ၃-၌ | | ၃၅ | + | ၁၇ | = | ၅၂ |
| ဒု-ဈာန် ၃-၌ | | ၃၄ | + | ၁၈ | = | ၅၂ |
| တ-ဈာန် ၃-၌ | | ၃၃ | + | ၁၉ | = | ၅၂ |
| စ-ဈာန် ၃-၌ | | ၃၂ | + | ၂၀ | = | ၅၂ |
| မ-ဈာန် ၃၌ | | ၃၀ | + | ၂၂ | = | ၅၂ |
| အရူပ ၁၂-၌ | | ၃၀ | + | ၂၂ | = | ၅၂ |
| လောကုတ္တရာစိတ်၈-၌ | | ၃၆ | + | ၁၆ | = | ၅၂ |
| ပ-ဈာန် ၈-၌ | | ၃၆ | + | ၁၆ | = | ၅၂ |
| ဒု-ဈာန် ၈-၌ | | ၃၅ | + | ၁၇ | = | ၅၂ |
| တ-ဈာန် ၈ ၌ | | ၃၄ | + | ၁၈ | = | ၅၂ |
| စ-ဈာန် ၈ ၌ | | ၃၃ | + | ၁၉ | = | ၅၂ |
| မ-ဈာန် ၈-၌ | | ၃၃ | + | ၁၉ | = | ၅၂ |

## စိတ် ၁–ပါး စသည်နှင့်–ယှဉ်ပုံ

| | | | |
|---|---|---|---|
| စိတ် ၁–ပါးနှင့် | ယှဉ်သောစေတသိက် | ဝိစိကိစ္ဆာ | ၁ |
| ။ ၂–ပါးနှင့် | ။ | ဒေါစုက် | ၄ |
| ။ ၄–ပါးနှင့် | ။ | ဣဿာ–မာန | ၂ |
| ။ ၅–ပါးနှင့် | ။ | ထိန–မိဒ္ဓ | ၂ |
| ။ ၈–ပါးနှင့် | ။ | လောဘ | ၈ |
| ။ ၁၂–ပါးနှင့် | ။ | မောဟစုက် | ၄ |
| ။ ၁၆–ပါးနှင့် | ။ | ဝိရတိ | ၃ |
| ။ ၂၀–ပါးနှင့် | ။ | အပ္ပမညာ | ၂ |
| ။ ၄၇–ပါးနှင့် | ။ | ပညာ | ၁ |
| ။ ၅၁–ပါးနှင့် | ။ | ပီတိ | ၁ |
| ။ ၅၅–ပါးနှင့် | ။ | ဝိတက် | ၁ |
| ။ ၅၉–ပါးနှင့် | ။ | သောဘဏ | ၁၉ |
| ။ ၆၆–ပါးနှင့် | ။ | ဝိစာရ | ၁ |
| ။ ၆၉–ပါးနှင့် | ။ | ဆန္ဒ | ၁ |
| ။ ၇၃–ပါးနှင့် | ။ | ဝိရိယ | ၁ |
| ။ ၇၈–ပါးနှင့် | ။ | အဓိမောက္ခ | ၁ |
| ။ ၈၉–ပါးနှင့် | ။ | သဗ္ဗစိတ္တသာဓာရဏ | ၇ |

---

# အလယ်တန်း သင်္ဂြိုဟ်

နှင့်

# အထက်တန်း သင်္ဂြိုဟ်

ကျမ်းများကိုလည်း ဆက်လက် ထုတ်ဝေပါမည်။

# မှာတမ်း

အဘိဓမ္မာ သင်တန်းသားများမှာ ၁၀–နှစ် ၁၁-နှစ် အရွယ်မှစ၍ အသက် ၆၀–ကျော် ၇၀–အရွယ် အထိ အရွယ် အစား အမျိုး အပြား ရှိခဲ့ရာ ဉာဏ်မကျယ်သည့် နုနယ်သူများ အတွက် ဤ ကျမ်းသည် တိုတို ရှင်းရှင်းနှင့် လိုရင်းကိုသာ သင်္ဂြိုဟ် ကျမ်း၏ မူရင်း စာသားအတိုင်း အကျက်ရ အမှတ်ရ လွယ်ကူအောင် ဘာသာပြန်ဆိုထားသော ကျမ်းစာဖြစ်၍ စကား အသုံး အနှုန်းစာပိုဒ် အထား အသို အရေး အသားများမှာ ထုံးနည်း ဘသ ပြုလောက်သဖြင့် အဘိဓမ္မာ သင်တန်း ဝင်သူတိုင်း နှင့် သင့်လျော်၍ ကျေးဇူး အများဆုံး အလွယ်ကူဆုံး ကျမ်းတစောင် ဖြစ်ပေသည်။

**မြေမနော် အဖက်ဖက်က စမ်းကြပါတော့,**
**မပြေသော် တသက်နှင့် နှစ်သက် တမ်းသာပ**

ဟူသည့်နှင့် အညီ အဘိဓမ္မာစာမေးပွဲ ဟူဟူသမျှ ဘို့ဦ မ တန်း မခှောင်တန်း အောင်ပန်း ရစေနိုင် သည့် ကာကျော်၏ အာဘော် အာချင်းတွေ ဒင်းကြမ်း အပြည့် အသိဒ် ပါနေ့သော အဘိဓမ္မာ သင်တန်း ကျမ်း၏ အခြေ နေ့တော်ပြေး ကျမ်းစာ ဖြစ်၍ **မူလတန်း သင်္ဂြိုဟ် ဝါ-Sangyo Primer** ဟူ၍ အမည်မှည့်ရပေသတည်း။

ကံသာ

၁၃၁၆–ဝါဆို လဆန်း ၁၂ တနင်္လာနေ့